ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (8-12-2009)(၆၂၄၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး Asia General Electric Co., Ltd. စက်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အကွက်အမှတ်(၁) ရွှေသံလွင်စက်မှုဇုန် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနှင့် လှိုင်သာယာ-တွံတေးတံတားလမ်းထောင့်ရှိ Asia General Electric Co., Ltd. စက်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ကုမ္ပဏီဥက္ကဋ္ဌတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး Asia General Electric Co., Ltd. စက်ရုံ ကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရေမြင့်၍ ကြာတင့်လာသည့် ဇေယျာဝတီမြို့နယ်မှ တောင်သူဦးကြီးများ

လယ်ယာသုံး စက်ကိရိယာများအား တောင်သူများ စိတ်ဝင်တစား လေ့လာနေကြစဉ်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်) ❖ အဆင်အပြင် - ကိုမင်း

နိုင်ငံတော်၏ ထွက်ကုန်သီးနှံဖြစ်သော ဆန်နှင့် ပဲမျိုးစုံတို့အား ပြည်ပဈေးကွက်တွင် အရည်အသွေး မြှင့်တင်ရောင်းချနိုင်ရန်အတွက် လည်းကောင်း၊ သီးနှံစိုက် တောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူများအကြား အဆင့်များ ပပျောက်ပြီး တောင်သူလယ်သမားများ ပိုမို အကျိုးကျေးဇူး ခံစားခွင့်ရရှိစေရန်အတွက် လည်းကောင်း ဆန်နှင့် ပဲမျိုးစုံကူးသန်းရောင်းဝယ်မှုများကို စနစ်တကျဆောင်ရွက်ကြမည့် ကုမ္ပဏီများ ဖွဲ့စည်းဖြစ်ပေါ်လာရေးကို နိုင်ငံတော်မှ အစီအစဉ်များချမှတ်ကာ အားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ အားပေးမှုများနှင့်အညီ ဇေဒင်အုပ်စုကုမ္ပဏီလီမိတက်အနေဖြင့် ဇေယျာဝတီမြို့နယ်ကို အခြေခံသော ဆန်စပါးလုပ်ငန်းကုမ္ပဏီနှင့် ပဲလုပ်ငန်းကုမ္ပဏီများ ဖွဲ့စည်း၍ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးလျက်ရှိသည်။

စုံညီစွာ

ဧရာဝတီတိုင်း ဇေယျာဝတီမြို့နယ် အားကစားကွင်းကြီးအတွင်း ကွင်းလုံးပြည့်လျှံနေသည့် တက်ရောက်သူ တောင်သူလယ်သမားပေါင်း ရှစ်ထောင်ခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများကိုလည်း စုံညီစွာ တွေ့ရှိနေရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကြေးမုံ
The Mirror

၈-၁၂-၂၀၀၉
(အင်္ဂါနေ့)

သန့်ရှင်းသောသောက်သုံးရေရရှိရေး တိုးမြှင့်ဖြည့်ဆည်း စေတနာရှင်ပြည်သူများ ဆက်လက်ပါဝင်လှူဒါန်း

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်ရေးတွင် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအရေးပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ဖော်ဆောင်ရာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်နေသည်။

သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာမရရှိကြသည့် ဒေသခံပြည်သူများသည် ဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါနှင့် အရေပြားရောဂါစသည်တို့ ဖြစ်ပွားခဲ့ကြသည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာ၊ ရေမလုံလောက်သောကျေးရွာနှင့် ရေခက်ခဲသော ကျေးရွာပေါင်း ၈၀၄၂ ရွာရှိခဲ့သည်။ အခြားပြည်နယ်နှင့် တိုင်းတို့တွင်လည်း ရေခက်ခဲသောကျေးရွာ ၁၅၁၈၃ ရွာရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက အဆိုပါဒေသများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ရွာနှင့် အခြားပြည်နယ်နှင့် တိုင်းများမှ ကျေးရွာ ၁၄၉၇၉ ရွာတို့တွင် သန့်ရှင်းသောသောက်သုံးရေ ရရှိနေကြပြီဖြစ်သည်။

အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်း၌ ၃၄ မြို့နယ်၊ မကွေးတိုင်း၌ ၂၅ မြို့နယ်၊ မန္တလေးတိုင်း၌ ၂၃ မြို့နယ်တို့ရှိ မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်လျက်ရှိသည်။ ထို့ပြင် ခရိုင် ၁၉ ခရိုင်ရှိ ကျေးရွာများ၌လည်း ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်း တူးဖော်ပေးနိုင်ခဲ့သည်။

ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်စေရေး ဖြည့်ဆည်းပေးခြင်းသည် မွန်မြတ်သော အလှူဒါနပြုခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကပါ သဒ္ဓါတရားထက်သန်စွာ ငွေကြေးထည့်ဝင်လှူဒါန်းလျက်ရှိသည်။ ယင်းသို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပြည်သူတစ်ရပ်လုံးက စေတနာထက်သန်စွာ လှိုက်လှိုက်လှဲလှဲ ပါဝင်လှူဒါန်းလျက်ရှိရာ သောက်သုံးရေ အခက်အခဲရှိသော ကျေးရွာများမှ ပြည်သူများ ရေဖူလုံစွာ ရရှိသုံးစွဲနေကြပြီဖြစ်သည်။

ယခုကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေဖူလုံစွာရရှိရေး တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မှုကြောင့် ရေရှားပါးသောဒေသနေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအကျိုးပြုလာနိုင်ပြီဖြစ်သည်။ စေတနာရှင်၊ အလှူရှင်ပြည်သူများက ငွေအား၊ လူအား စိုက်ထုတ်၍ ဆက်လက်ပါဝင် လှူဒါန်းကြခြင်းဖြင့် အခြားကျန်ရှိနေသေးသည့် ရေရှားပါးသောဒေသများတွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိသည့်ကျေးရွာများ တိုးတက်ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း လိန်းလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ဖော်ပြပြီး) (ဆောက်လုပ်ရေး)

မန္တလေးနေ့စဉ်သတင်းစာ ပုံနှိပ်ထုတ်ဝေဖြန့်ချိနေမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၏ မန္တလေးနေ့စဉ်သတင်းစာတိုက်၌ သတင်းစာပုံနှိပ်ထုတ်ဝေဖြန့်ချိမှုကို ကြည့်ရှုစစ်ဆေးပြီး ချမ်းအေးသာစံမြို့နယ်အတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မန္တလေး-ရန်ကုန်လမ်းမကြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပုသိမ်ကြီးမြို့နယ် ကျောက်ချောဒေသ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ နိုင်လွန်ကတ္တရာကျိုစက်ရုံ၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ကိုယ်စားပြု ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ အခြေခံကျန်းမာရေးဝန်ထမ်းဆု (အရှေ့ပိုင်းခရိုင်) မိခင်နှင့်ကလေး၊ စောင့်ရှောက်ရေးအသင်းဆုနှင့် ခရိုင်အဆင့် ကြက်ခြေနီတပ်ဖွဲ့ဆုရသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး တက်ရောက်ချီးမြှင့်၍ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲ၊ ခရိုင်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်သည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် ကြက်ခြေနီဆုရ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်သည်။

ထို့နောက် ခရိုင်အဆင့်အခြေခံကျန်းမာရေးဝန်ထမ်းဆုရသူများအား ရန်ကုန်တိုင်း ဒု-တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန္ဒာက လည်းကောင်း၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သောင်းမြက ခရိုင်အဆင့်ဆုရသော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့က ပြခန်း၌ ပြသထားသော ဆုရစာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ဆုရကျန်းမာရေးဝန်ထမ်း၊ ကြက်ခြေနီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၏ လုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများအား လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါး၊ အိမ်သုံးဆေးဝါးများ၏ အန္တရာယ် ဆိုးကျိုးများနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်က ပုဇွန်တောင်မြို့နယ် အထက (၄) ပညာရတနာခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

ဟောပြောပွဲတွင် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှရီ၊ စခန်းမှူး ရဲအုပ်လှသိန်းနှင့် ရန်ကုန်တိုင်း မူးယစ်အထူး (အရှေ့) ဒုတိယရဲအုပ် နေလင်းထွန်းတို့က ရှင်းလင်းပြောကြားပြီး အထက(၄) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်နုနုရွှေ၊ ကျန်းမာရေးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ခင်သီတာဆိုင်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးဆန်းထွဋ်နှင့် ဒုတိယမြို့နယ်တရားသူကြီး ဦးမြင့်ဌေးတို့က အသီးသီး ပညာပေးဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

(၁၄)ကြိမ်မြောက် G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်

ရန်ကုန် ဒီဇင်ဘာ ၇

G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက်က မန္တလေးတောင် မြောက်ဘက် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်း ၁၀၀၀ ကျော် တက်ရောက်ပြီး သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၂၁၃ ဦးအား တစ်ဦးလျှင် ကျပ် ၁၀၁၀၀၀ နှင့် အမှတ်တရပစ္စည်းများ ပေးအပ်၍ ပူဇော်ကန်တော့ကြသည်။

အာစရိပူဇော်ပွဲတွင် အကြီးတန်းအင်ဂျင်နီယာ ဦးအောင်မြင့်က အခမ်းနားမှူးအဖြစ်ဆောင်ရွက်ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရန်ဝင်း (အေဝမ်း-ဆောက်လုပ်ရေးကုမ္ပဏီ)က အဖွင့်အမှာစကားပြောကြားကာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအောင်သန်းက ဆုံးမဩဝါဒစကားပြောကြားပြီး ပူဇော်ပွဲကျင်းပရေးကော်မတီ ဘဏ္ဍာရေးမှူး ဒေါ်တင်မမ (၈၂-C အင်းစိန်)က ဘဏ္ဍာရေး ရှင်းလင်းဖတ်ကြား တင်ပြခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

စာကြည့်တိုက် လုပ်ငန်းများဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၇

ဆိပ်ကြီးခနောင်တိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်တွင်းရှိ ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကော်မတီများနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်သဇင်ဦးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ် (၅)ရပ်ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက စာကြည့်တိုက်မှူးများအား စာကြည့်တိုက်အင်္ဂါရပ်နှင့် အညီ မျိုးတူစုပညာရပ်၊ စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်းများကို လက်တွေ့ပြသပြီး ရပ်ကွက်စာကြည့်တိုက်များသို့ စာကြည့်တိုက် ပညာစာအုပ်ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ဒီဇင်ဘာ ၃ ရက်က လှိုင်သာယာမြို့နယ် အမက (၂၁) ၂၀၀၈-၂၀၀၉ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဆရာမ ဒေါ်အိအိသန်းက ဆုရရှိသူ စတုတ္ထတန်းကျောင်းသူ မေသူခိုင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "မျိုးဂုဏ်မြင့်မား၊ မြန်မာ့ပုံရိပ်များ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မကြာမီ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတော့မည်ဖြစ်ရာ စတုတ္ထမဏ္ဍိုင် မီဒီယာကဏ္ဍ ခိုင်မာရန်အရေးကြီး ဓာတ်ပုံလောကသားများ စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်လျက် စတုတ္ထမဏ္ဍိုင် အောင်မြင်အောင်ထူထောင်

ရန်ကုန် ဒီဇင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံစုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဓာတ်ပုံပညာရှင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ်ဓာတ်ပုံပြိုင်ပွဲ၌ ယခင်နှစ်ကထက် ပြိုင်ပွဲဝင်သူ အရေအတွက်ရော ပြိုင်ပွဲဝင်ဓာတ်ပုံအရေအတွက်ပါ များပြားလာသည့်အပြင် အရည်အသွေးလည်း မြင့်မားလာကြောင်း၊ ဤသည်မှာ မြန်မာနိုင်ငံဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို ထင်ဟပ်နေသည်ဟု ဆိုနိုင်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်၊ အိုင်တီခေတ်ဖြစ်ရာ နည်းပညာတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရန် စာပေသည် အရေးကြီးကြောင်း၊ စာပေဆိုရာ၌ ဓာတ်ပုံပညာသည်လည်း တစ်ခန်းတစ်ကဏ္ဍ ပေါင်းစပ်ပါဝင်လျက်ရှိကြောင်း၊ ခေတ်နှင့်အညီ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဓာတ်ပုံပညာနယ်ပယ်သည်လည်း ကျယ်ပြန့်လာကြောင်း၊ ထို့ကြောင့် ဓာတ်ပုံပညာရှင်များအနေဖြင့် တိုးတက်လာသော ခေတ်နှင့်အညီ ဓာတ်ပုံဆိုင်ရာနည်းပညာများကို လေ့လာမြှင့်တင်ကြပြီး ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် မီဒီယာသည် အလွန်ဩဇာကြီးမားကြောင်း၊ မိမိတို့က နောက်ကျန်နေလျှင် သူများက ဝင်ရောက်လွှမ်းမိုးနေရာယူသွားမည်ဖြစ်ကြောင်း၊ မီဒီယာနယ်ပယ်တွင် ဓာတ်ပုံပညာသည် အရေးပါလှသည်ဖြစ်ရာ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင်၊ နိုင်ငံတကာကို ထိုးဖောက်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် အာဆီယံအဖွဲ့ကြီးကို ၂၀၁၅ခုနှစ်၌ တစ်ခုတည်းသော လူမှုအသိုက်အမြုံဖြစ်စေရန် ဆုံးဖြတ်ဖော်ဆောင်နေပြီဖြစ်ရာ ယင်းသို့ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် မဏ္ဍိုင်ကြီး(၃)ခုအနက် ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍများ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ASEAN Socio Cultural Community Blueprint (Ascc) အဖြစ် ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ်များအရ အာဆီယံနိုင်ငံများအားလုံးနှင့် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖော်ဆောင်ရာတွင် ဓာတ်ပုံပညာရှင်များသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်က ပံ့ပိုးအားပေးလျက်ရှိရာ တစ်ဖက်ကလည်း ဓာတ်ပုံလောကသားများကိုယ်တိုင်က ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မကြာမီ ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတော့မည်ဖြစ်ရာ နိုင်ငံ၏ အဓိကမဏ္ဍိုင်ကြီး(၄)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးများနှင့် ၎င်းတို့အား ထိန်းကျောင်းမည့် စတုတ္ထမဏ္ဍိုင် စာနယ်ဇင်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးခိုင်မာနေရန် အရေးကြီးကြောင်း။

ယခင်ခေတ်ကာလများက စတုတ္ထမဏ္ဍိုင်ကို ကောင်းစွာ မထူထောင်နိုင်ခဲ့ကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ တို့ကြောင့် စတုတ္ထမဏ္ဍိုင် အကွဲကွဲအပြားပြားဖြစ်ခဲ့ရပြီး တိုင်းပြည်နှင့် လူမျိုးနစ်နာခဲ့ရကြောင်း၊ အမှန်စင်စစ် စတုတ္ထမဏ္ဍိုင်သည် အမျိုးသားအကျိုးစီးပွားကို အခြေခံရန်လိုကြောင်း၊ ထို့ကြောင့် ဓာတ်ပုံလောကသားများသည်လည်း စုစည်းညီညွတ်သည့် အသင်းအဖွဲ့တစ်ရပ်အနေဖြင့် စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်လျက် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ကို အောင်မြင်အောင် ထူထောင်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ဆုများရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မျိုးဂုဏ် မြင့်မား၊ မြန်မာ့ပုံရိပ်များ ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းအောင်ကျော်ထင်၊ ဒုတိယဆုရရှိသော စောသိန်းဝင်း(City News) နှင့် တတိယဆုရရှိသော ဦးကိုကိုခိုင်(IPRD) တို့အား ဆုချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့က အထူးဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား ပထမဆုရရှိသူ စစ်ကိုင်းအောင်ကျော်ထင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "မျိုးဂုဏ်မြင့်မား၊ မြန်မာ့ပုံရိပ်များ" ရောင်စုံဓာတ်ပုံ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၉၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "အင်ဒိုနီးရှား၌ ရွှေတိဂုံပုံတူစေတီတော် တည်ထားလျက်ရှိ၊ မခိုင်ရွှန်းလဲ့ရည် သေဆုံးရသည့်အတွက် အထူးကုဆေးခန်းကြီးက မိသားစုနေအိမ်သို့ လာရောက်တောင်းပန်၊ ဉာဏ်တော်ပေ ၁၈၀ ရှိ ဘုရားကြီးကို ဩစတြေးလျ၌ တည်ထားပူဇော်မည်၊ စွန့်ပစ်ပလတ်စတစ်အမှိုက်များမှ စွမ်းအင်ထုတ်ရန် ဂျပန်နိုင်ငံက ကူညီမည်၊ မြန်မာ့ပထမဆုံး ရိုးရာလက်ဝှေ့ သင်တန်းကျောင်းကြီး တည်ဆောက်ပြီးစီး၊ နေပြည်တော်နှင့် ရန်ကုန်မြို့မှ အပ ၁၇ယ/---နံပါတ်ဖြင့် ဆိုင်ကယ်များ တစ်နိုင်ငံလုံးတွင် စီးခွင့်ပြုမည်၊ အမေရိကန်၌ ရွှေစည်းခုံ ပုံစံတူစေတီတည်မည်၊ လားရှိုးမြို့ ယာဉ်လေလံပွဲကို စိတ်ဝင်စားမှုများပြား၊ မြန်မာလူငယ်များ၏ နိုင်ငံတကာပညာရေး ဥရောပနိုင်ငံများသို့ ဦးတည်လာ၊ ကမ္ဘာ့ရွှေဈေးနှင့်အတူ မြန်မာ့ရွှေဈေး စံချိန်တင်မြင့်တက်၊ သရုပ်ဆောင်မော်ဒယ် မြတ်နိုးခြိမ့် ကွယ်လွန်ရှာပြီ၊ မိုးပြည့်ပြည့်မောင်၏ မင်္ဂလာဆည်ခံပွဲ၊ အဲလက်စ်နှင့်ကျားပေါက်တို့ အပြိုင်နွဲ၊ မြန်မာနိုင်ငံရှိ ကလေးများအားလုံး ၂၀၁၅ ခုနှစ်တွင် မူလတန်းပညာကို အခမဲ့သင်ယူနိုင်မည်၊ ထန်းဖူးဇာတာမှ ကွန်ပျူတာ ဆော့ဖ်ဝဲဇာတာသို့ ရာနှုန်းပြည့်ပြောင်းလဲလာ၊ ဆူမိုနပန်းသမားတစ်ဦးအရွယ်ရှိ ဂျယ်လီငါးများ ဂျပန်နိုင်ငံကို တိုက်ခိုက်နေ၊ အာဂျင်တီးနား အလှမယ်ဟောင်း ပလတ်စတစ်ဆာဂျရီလုပ်ရာမှသေဆုံး၊ အကြွားလွန်ကာအကြွေးနွံနစ်ရတဲ့ ဒူဘိုင်း၊ အမေရိကန်သို့ ဦးတည်လာသော ရောမရေနံတင်သင်္ဘောကြီး ပြန်ပေးဆွဲခံရ၊ မျက်ခမ်းတွင်ချိတ်၍ ကားတစ်စီးကိုဆွဲပြ၊ ဂျော့ဘုရှ်အား ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့သည့် သတင်းထောက်၊ ကမ္ဘာ့ပထမဆုံး လူလိုက်ပါသည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် စတင်ပျံသန်း၊ အိုစမာဘင်လာဒင် ဘယ်မှာလဲ၊ အင်ဒိုနီးရှား၌ မီးပုံးပေါင်း ၁၀၀၀၀ တစ်ပြိုင်နက်လွှတ်တင်ပြီး ကမ္ဘာ့စံချိန်တင်၊ ရုရှားနိုက်ကလပ်ပေါက်ကွဲမှုတွင် လူ ၁၁၂ ဦးသေဆုံး၊ နေကိုလိုက်၍ ပတ်ချာလှည့်နိုင်သော အိမ်တစ်လုံးတည်ဆောက်" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဂွန်းအထက ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၇

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းအထက၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နံနက် ၉နာရီတွင် ရွှေဂွန်းအထက၌ ကျင်းပမည်ဖြစ်ရာ လက်ရှိကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ၊ အသက် (၆၀)နှင့်အထက် ကန်တော့ခံမည့် ဆရာကြီး၊ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ရန်နှင့် ဒေါ်မိုးပုလဲစိုး(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၅၈၈၈၊ ဒေါ်စောနွဲ့ ဖုန်း ၀၉-၅၁၈၃၁၂၄(ရန်ကုန်)၊ ဦးတင်အေး ဖုန်း-၀၉-၅၀၁၆၆၇၄(ရန်ကုန်)၊ ဒေါက်တာ တင်ဝင်းကျော် ဖုန်း-၀၅၈-၄၇၆၀၀ (ရွှေဂွန်း)၊ ဦးဖိုးလုံး၊ ဒေါ်ကျင်လွှမ်း ဖုန်း-၀၅၈-၂၂၀၁၈၊ ၀၉-၈၇၃၀၁၂၅(ရွှေဂွန်း)၊ ၀၉-၅၆၆၀၆၁၃(ဘားအံ)နှင့် ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၅၈-၂၁၀၆၈(ရွှေဂွန်း)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင်သေဆုံး

ဝါဒက်ခ်(အာဖဂန်နစ္စတန်)ဒီဇင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အနောက်ဘက် ကီလိုမီတာ ၄၀ခန့်အကွာရှိ ဝါဒက်ခ်ပြည်နယ်တွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြု တပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)၏ ယာဉ်တစ်စီး ဒီဇင်ဘာ၆ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်များသည် လက်လုပ်ဗုံးများ ရှာဖွေနေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ မိုင်းရှင်းလင်းရေးယာဉ်တစ်စီးလည်း ပျက်စီးခဲ့သည်ဟု ဆိုသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၉ ခုနှစ်သည် ပြည်ပတပ်ဖွဲ့များနှင့် အာဖဂန်အရပ်သားများ၊ စစ်သွေးကြွများ သေဆုံးမှုအများဆုံး နှစ်ဖြစ်ခဲ့ရပြီး တိုက်ပွဲများနှင့် အကြမ်းဖက်မှုတို့ကြောင့် ယခုနှစ်တွင် ပြည်ပတပ်ဖွဲ့ဝင် ၄၈၀ကျော်၊ အရပ်သား ၁၅၀၀နှင့် စစ်သွေးကြွ ထောင်နှင့်ချီ၍ သေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ဝါဒက်ခ် ပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ယာဉ်တစ်စီးကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန် စစ်ဆင်ရေး စတင်ပြီး ပထမဆုံးအမေရိကန်တပ်ဖွဲ့ဝင်သေဆုံး

ကဘူး ဒီဇင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံ ဇျူရစ္စတန်ပြည်နယ်တောင်ပိုင်းတွင် မိုင်းပေါက်ကွဲခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဂျာလာလာဘတ်မြို့ရှိ အမေရိကန်စစ်ဘက်ပြန်ကြားရေးရုံးအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ သမ္မတဘားရက်အိုဘားမားက တပ်ဖွဲ့ဝင်၃၀၀၀၀ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း ကြေညာပြီးချိန်မှစ၍ ပထမဆုံး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးရခြင်းဖြစ်သည်။

ရင်ဆိုင်နေရ

ယင်းပေါက်ကွဲမှုတွင် အခြား တပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။လက်ရှိအနေအထားတွင် အမေရိကန်နှင့် အခြားနိုင်ငံခြားတပ်ဖွဲ့ဝင် ၁၁၀၀၀၀ခန့် တပ်စွဲထားသော်လည်း အာဖဂန်နစ္စတန်နိုင်ငံသည် မကြုံစဖူး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။

သတင်းပေါ်ထွက်

ဟဲလ်မန့်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက တာလီဘန်များကို ကော်ဘရာအန်းဂါးအမည်ပေးထားသော ကြည်းကြောင်း၊ လေကြောင်း ပူးပေါင်းစစ်ဆင်ရေးစတင်ဆင်နွှဲပြီး နှစ်ရက်အကြာတွင် အဆိုပါသတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

အင်တာနက်။

ကနေဒါအနောက်ပိုင်း၌ ကုန်ရထားလမ်းချော်တိမ်းမှောက် တွဲ ၄၀ခန့် မီးလောင်၊ ဒေသခံများကို ရွှေ့ပြောင်းပေးရ

အော့တဝါ ဒီဇင်ဘာ ၇

ကနေဒါနိုင်ငံအနောက်ပိုင်း ဆက်ကတ်ချီဝန်ပြည်နယ်၌ ဒီဇင်ဘာ ၅ရက်က ကုန်တင်ရထားလမ်းချော်တိမ်းမှောက်ရာမှလောင်စာဆီတင်တွဲ ၄၀ခန့်မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အနီးအပါးရှိနေအိမ်များမှ ပြည်သူများကို ဘေးကင်းရာဒေသသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုသည် မာနီတိုဘာပြည်နယ် နယ်စပ်အနီးတွင် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။ ရထားအမှုထမ်းသို့မဟုတ် ဒေသခံပြည်သူများ ထိခိုက်မှုမရှိဟု ဆိုသည်။

ပရိုပိန်းဓာတ်ငွေ့ရည်ကိုသယ်ဆောင်လာသောရထားတွဲများ မီးလောင်ကျွမ်းခဲ့သော်လည်း လေငြိမ်နေသည့် အတွက် အနီးနားရှိမြို့သို့မီးမကူးစက်နိုင်ခြင်းကြောင့် ချက်ချင်းအန္တရာယ် မရှိကြောင်း၊ ဒေသဆိုင်ရာ တာဝန်ရှိသူက သတင်းထောက်များအား ပြောကြားသည်။

သို့သော်လည်း မီးလောင်မှု ဖြစ်ပွားရာနေရာမှနှစ်ကီလိုမီတာအတွင်းရှိနေအိမ်ခြောက်လုံး၌ နေထိုင်သူများကို ဘေးကင်းရာဒေသသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ကနေဒါပို့ဆောင်ရေးဌာနက ယင်းဒေသကို လေယာဉ်မပျံသန်းရေးဇုန်အဖြစ် သတ်မှတ်ပြီး လေယာဉ်များထို နေရာမှ လေးကီလိုမီတာအကွာအတွင်း မဝင်ရောက်ရန် ညွှန်ကြားခဲ့သည်။

အင်တာနက်။

ကနေဒါနိုင်ငံအနောက်ပိုင်းတွင် ကုန်တင်ရထားတွဲ လမ်းချော်တိမ်းမှောက်မှုကြောင့် မီးလောင်နေသည်ကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်ဝန်းတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူ၈၇၆၈ဦးရှိပြီဟုဆို

ဂျီနီဗာ ဒီဇင်ဘာ ၇

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက A(H1N1)တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၉၄၂ ဦး ရှိသဖြင့် ယခုအခါ ကမ္ဘာတစ်ဝန်း၌ ယင်းရောဂါကြောင့် သေဆုံးသူ ၈၇၆၈ဦးအထိရှိလာကြောင်းကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)ကပြောကြားသည်။ သေဆုံးသူများမှာ အမေရိကတိုက်များမှ အများဆုံးဖြစ်ပြီး ၅၈၇၈ ဦး ရှိကြောင်း၊ ဥရောပတိုက်မှ ၉၁၈ ဦး ထက်မနည်းရှိကြောင်း နောက်ဆုံးကောက်ခံရရှိချက်တွင် ဖော်ပြထားသည်။ အရှေ့တောင်အာရှတွင်၇၆၆ဦး၊အနောက်ပစိဖိတ်တွင် ၇၀၆ ဦး၊ အရှေ့မြေထဲပင်လယ်တွင် ၃၉၂ဦးနှင့် အာဖရိကတွင် ၁၀၈ ဦး အသီးသီးသေဆုံးကြသည်။

အဆိုပါ A(H1N1)တုပ်ကွေးရောဂါသစ်သည် မြောက်အမေရိက၌ ဧပြီလမှစတင်ဖြစ်ပွားခြင်းဖြစ်ပြီး ဇွန်လတွင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကပ်ရောဂါအဖြစ် ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပထမကမ္ဘာစစ်ကြွေးမြီများ ဂျာမနီပေးဆပ်နေရဆဲ

ဘာလင် ဒီဇင်ဘာ ၇

ပထမကမ္ဘာစစ်အတွင်း စစ်ရှုံးနိမ့်ခဲ့ရသော ဂျာမနီနိုင်ငံသည် ယနေ့ထိတိုင် ယင်းစစ်ပွဲ၏ စစ်စရိတ်ကြွေးမြီများကို စစ်နိုင်မဟာမိတ်နိုင်ငံများသို့ ပေးဆပ်နေရဆဲဖြစ်ကြောင်း သိရသည်။ ဂျာမနီနိုင်ငံသည် ပထမကမ္ဘာစစ်အပြီး ချုပ်ဆိုခဲ့သော ဗာဆိုင်းငြိမ်းချမ်းရေးစာချုပ်ပါ သဘောတူညီချက်များအရ မဟာမိတ်နိုင်ငံများသို့ ပေးဆပ်ရမည့် စစ်စရိတ်ကြွေးမြီပမာဏမှာ ပေါင်ငွေ ၅၆ သန်းအထိ ကျန်ရှိနေကြောင်း ဂျာမန်ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခု၏ အဆိုကို ကိုးကား၍ ဂျာမန်သတင်းစာတစ်စောင်က ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။ ဗာဆိုင်းစာချုပ်အရ ဂျာမနီနိုင်ငံသည် ၁၉၂၄ ခုနှစ်မှ ၁၉၄၈ ဇွန်လအတွင်း ၎င်းတို့သုံးစွဲခဲ့သည့် ရိုက်ချ်မက်ခ်ငွေပေါင်း ၂၂၆ ဘီလီယံကို စစ်နိုင် နိုင်ငံများထံ ပေးဆပ်ရမည်ဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ဂျာမနီနိုင်ငံသည် အရှေ့နှင့်အနောက် ဂျာမနီဟူ၍ နှစ်ပိုင်းကွဲသွားရာ စစ်စရိတ်ကြွေးမြီများ ပေးချေမှုသည်လည်း နှောင့်နှေးခဲ့ရသည်။ ဂျာမနီနှစ်နိုင်ငံပြန်လည်ပေါင်းစည်းပြီးနောက် ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် လက်ကျန် စစ်စရိတ်ကြွေးမြီများကို အပြီးပေးဆပ်ရန် ဂျာမနီအစိုးရက ဆုံးဖြတ်ထားကြောင်း သိရသည်။

အင်တာနက်။

ယူကရိန်းနိုင်ငံတွင် ယာဉ်တိုက်မှုဖြစ်ပွား ၁၀ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ကီယက်ဗ် ဒီဇင်ဘာ ၇

ယူကရိန်းနိုင်ငံ အနောက်တောင်ပိုင်းတွင် စနေနေ့ညက ယာဉ်တိုက်မှုဖြစ်ပွားရာ ၁၀ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အင်တာဖက်-ယူကရိန်း သတင်းဌာနက ဖော်ပြသွားသည်။

ဗင်နစ်ဆာဒေသ ရေဂေါ်ရော့နီမီရိုဗာစကီရွာအနီးတွင် စနေနေ့ညပိုင်းက ထရပ်ကားတစ်စီးနှင့်မီနီဘတ်စ်တစ်စီးတို့တိုက်မိခဲ့ကြောင်းအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အိုင်ဟော်ကရိုလ်က ပြောကြားသွားသည်။

မီနီဘတ်စ်ပေါ်မှ ကားမောင်းသူအပါအဝင် ၁၂ဦးအနက် ကိုးဦးမှာ ပွဲချင်းပြီးသေဆုံးသွားပြီး တစ်ဦးမှာမူ ဆေးရုံရောက်ပြီးမှ သေဆုံးသွားခဲ့ရသည်။ ဒဏ်ရာရရှိသူနှစ်ဦးမှာ ဒေသခံဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အင်တာနက်။

ယူကရိန်းနိုင်ငံ အနောက်တောင်ပိုင်းတွင် ယာဉ်နှစ်စီးတိုက်မိမှုကြောင့် ပျက်စီးသွားသော ယာဉ်အပျက်အစီးများကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် စစ်သွေးကြွတစ်ဦးသေဆုံး၊ ငါးဦးဖမ်းမိ

ပက်ရှ်ဝါ(ပါကစ္စတန်)ဒီဇင်ဘာ ၇

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် မကြာမီက တိုက်ခိုက်မှုပြုလုပ်ခဲ့သူများဟု ယူဆရသော ဗုံးဖောက်ခွဲရေးကွန်ရက်တစ်ခုကို သတင်းအရ ရဲတပ်ဖွဲ့ကွန်မန်ဒိုများက တနင်္ဂနွေနေ့၌ဝင်ရောက်စီးနင်းရာ စစ်သွေးကြွတစ်ဦးကို အသေဖမ်းမိပြီး ငါးဦးကို လက်ရဖမ်းမိသည်။

အယ်လ်ခိုင်ဒါနှင့် တာလီဘန်တို့ အခြေစိုက်ရာ အာဖဂန်နယ်စပ်ဒေသသို့ စတင်ဝင်ရောက်ရာ အဝင်ဝမြို့ကြီး ဖြစ်သည့် ပက်ရှ်ဝါအနီးရှိ ကာကာစီးကျေးရွာမှ ခြံဝင်းတစ်ခုအတွင်းသို့ ဝင်ရောက်စီးနင်းစဉ် ပြင်းထန်စွာခုခံမှုနှင့်ရင်ဆိုင်ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပက်ရှ်ဝါမြို့တွင်းနှင့် ဝန်းကျင်တွင် စစ်သွေးကြွများ၏ လူအသေအပျောက်ရှိသော တိုက်ခိုက်မှုများသည် တောင်ဝါဇီရစ္စတန်ဒေသအား ပါကစ္စတန်ကြည်းတပ်က ထိုးစစ်ဆင်ခြင်းကို လက်တုံ့ပြန်ခြင်းဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

ယင်းခြံဝင်းအတွင်းမှ အသေခံဗုံးခွဲသမားဝတ်အင်္ကျီသုံးထည်၊ ဗုံးများ၊ လက်ပစ်ဗုံးများ၊ လောင်ချာပစ်ဗုံးသီးများနှင့် အခြားလက်နက်များကို သိမ်းဆည်းရမိသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ လီယာကွတ်အလီခန်က ပြောကြားသည်။

စစ်သွေးကြွများနှင့် နှစ်နာရီကြာမျှ ရင်ဆိုင်တိုက်ပွဲဖြစ်ရာ စစ်သွေးကြွတစ်ဦး သေဆုံးပြီး ငါးဦးအဖမ်းခံရကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ပါးမားလက်ကုမ္ပဏီအကြီးအကဲဟောင်း ပိုင်ဆိုင်သည့် အနုပညာလက်ရာများ အီတလီရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

ပါးမား(အီတလီ) ဒီဇင်ဘာ ၇

ငွေကြေးအလွဲသုံးစားလုပ်မှုဖြင့် ဖမ်းဆီးခံထားရသူ အီတလီစားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီပါးမားလက်အကြီးအကဲဟောင်းကာလီစတိုတန်ဇီပိုင်ဆိုင်သည့် အနုပညာလက်ရာများကို အီတလီရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြထားသည်။ ရဲတပ်ဖွဲ့ကသိမ်းဆည်းခဲ့သည့် အဆိုပါ အနုပညာလက်ရာ ၁၉ ခုတို့တွင် ပီကာဆို၊ မိုနေး၊ ဗင်ဂိုးစသော ပန်းချီဆရာများ၏ လက်ရာများ ပါဝင်ပြီး တန်ဖိုးအားဖြင့် ယူရိုငွေသန်း ၁၀၀ ကျော်ခန့်ရှိကြောင်းသိရသည်။

ယင်းအနုပညာလက်ရာများကို ပါးမားလက်မိသားစု၏ မိတ်ဆွေများပိုင်ဆိုင်သည့် နေအိမ်များသို့ပို့ဆောင်ကွယ်ဝှက်ထားသော်လည်းအီတလီရဲတပ်ဖွဲ့ကရှာဖွေသိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပါးမားလက်ကုမ္ပဏီသည် အီတလီနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ်တွင် ငွေကြေးဆိုင်ရာ အရှုပ်တော်ပုံများကြောင့် ကြွေးမြီယူရိုငွေ ၁၄ဘီလီယံတင်ရှိကာ ကုမ္ပဏီလည်း ပြိုလဲခဲ့ရသည်။

ပါးမားလက်အကြီးအကဲဟောင်း၏ သားမက်ဖြစ်သူ စတီဖာနိုစထရီနီအား အနုပညာလက်ရာများကို တရားမဝင်လက်လွှဲပေးမှုဖြင့် အီတလီရဲတပ်ဖွဲ့ကစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်၌ ယာဉ်နှစ်စီးခေါင်းချင်းဆိုင်တိုက်မိ လူ ၂၀ထက်မနည်း သေဆုံးပြီး ၄၀ ဒဏ်ရာရရှိ

ဒါကာ ဒီဇင်ဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံအလယ်ပိုင်း ဖာရီဒါခရိုင်တွင် ဒီဇင်ဘာ ၆ရက် ညနေပိုင်းက ဘတ်စ်ကားနှစ်စီးခေါင်းချင်းဆိုင်တိုက်မိရာ လူ ၂၀ထက်မနည်းသေဆုံးပြီး ၄၀ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါယာဉ်တိုက်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာနှင့် နိုင်ငံတောင်ပိုင်းရှိ ဘာရပ်ဆယ်မြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်း၌ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ဘာရပ်ဆယ်မြို့သည် ဒါကာမှ ကီလိုမီတာ ၁၈၀အကွာ၌ တည်ရှိသည်။

တိမ်းမှောက်

ဘတ်စ်ကားနှစ်စီးသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်ခန့်က ဒါကာမှ ၁၀၁ ကီလိုမီတာ အကွာရှိ မာရစ်မူရာခရိုင်၌ တိုက်မိခဲ့ပြီး လမ်းဘေးမြောင်းထဲသို့ တိမ်းမှောက်ခဲ့သည်။

တိုးမြင့်လာ

သေဆုံးသူ ၂၀ ရှိကြောင်း အတည်ပြုခဲ့သော်လည်း ဒဏ်ရာရရှိသော ခရီးသည်အချို့သည် စိုးရိမ်ရသော အခြေအနေ၌ ရှိနေသဖြင့် သေဆုံးမှုနှုန်း မြင့်တက်လာနိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာတွင် ယာဉ်မတော်တဆဖြစ်မှုနှုန်း အမြင့်ဆုံး နိုင်ငံတစ်ခုဖြစ်သည်။ နှစ်စဉ် မော်တော်ယာဉ် မတော်တဆဖြစ်ရပ်များကြောင့် လူပေါင်း ၁၀၀၀၀ကျော်သေဆုံးခဲ့သည်ဟု စာရင်းဇယားများအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ။

အမေရိကန်နှင့် ဗြိတိန်၏ အီရတ်စစ်ပွဲအကြောင်းပြချက် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဝေဖန်

လန်ဒန် ဒီဇင်ဘာ ၇

၂၀၀၃ခုနှစ် အီရတ်ကျူးကျော်စစ်ကို ဆင်နွှဲနိုင်ရန် အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲတို့က အီရတ်သည် ဖျက်အားပြင်းလက်နက်များ ပိုင်ဆိုင်ထားကြောင်းစွပ်စွဲချက်ကို ပုံကြီးချဲ့အကြောင်းပြ၍ ပြည်သူတို့ကို အယုံသွင်းခဲ့ကြောင်း ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းဘလစ်ဇ်က စနေနေ့တွင် ဝေဖန်ပြစ်တင်ခဲ့သည်။အီရတ်တွင် ဖျက်အားပြင်းလက်နက်များမရှိကြောင်း တင်ပြထားသော ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို ဗြိတိန် ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲက မသိကျိုးကျွန်ပြုခဲ့ကြောင်း ဟန်းဘလစ်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၀၃ခုနှစ်က အမေရိကန်နှင့် ဗြိတိန်တို့သည် အီရတ်နိုင်ငံကို စစ်ဆင်နွှဲရန် ဖျက်အားပြင်းလက်နက်များကိုစွခုတုံးလုပ်ခဲ့ကြကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံသည် ဖျက်အားပြင်းလက်နက်များပိုင်ဆိုင်ကြောင်း အထောက်အထားကိုမူ ယနေ့တိုင် ခိုင်ခိုင်မာမာ မပြသနိုင်ခဲ့ကြောင်း ဟန်းဘလစ်ဇ်က ဝေဖန်ပြောကြားခဲ့သည်။ ***အင်တာနက်။***

အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်နေသည်ကို ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒါဖာ၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဒါဖာ ဒီဇင်ဘာ ၇

ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာဒေသတွင် လက်နက်ကိုင်များ၏ လက်ချက်ကြောင့် ရဝမ်ဒါငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

လက်နက်ကိုင်များသည် ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ပစ်ကပ်ယာဉ်သုံးစီးနှင့် လောင်စာဆီတင်ယာဉ်တစ်စီးတို့ ပါဝင်သော ယာဉ်တန်းကို ဒါဖာမြို့ အာဖရိကသမဂ္ဂရုံး (ယူအင်န်အေအမ်အိုင်ဒီ)မှ နှစ်ကီလိုမီတာအကွာရှိ ဈေးအနီး၌ တိုက်ခိုက်ခဲ့သည်ဟု ယူအင်န်အေအမ်အိုင်ဒီရုံးမှ ဆက်သွယ်ရေးဌာနအကြီးအကဲ ကီမဲလ်ဆိုင်ကီက ပြောကြားသည်။ အဆိုပါ လောင်စာဆီသယ်ကားမှာ ရဝမ်ဒါတပ်ဖွဲ့သို့ လောင်စာသယ်ဆောင်ပေးနေသော ကားဖြစ်သည်ဟု သိရသည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့က ပြန်လည်ပစ်ခတ်ခဲ့သော်လည်း ပြည်သူလူထုများထိခိုက်သေဆုံးမှု မဖြစ်စေရန် အလို့ငှာ ဆက်လက်မပစ်ခတ်ခဲ့ကြောင်း၊ လက်နက်ကိုင်များသည် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားကြောင်း ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

၎င်းတို့သည် ယာဉ်များကို ခိုးယူသိမ်းပိုက်လိုသည့် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းဖြစ်မည်ဟု ဆိုင်ကီက ပြောကြားခဲ့သည်။ စစ်ဘေးဒဏ်ခံနေရသော ဒါဖာဒေသတွင် ၂၀၀၈ခုနှစ်ဇန်နဝါရီလမှစ၍ ငြိမ်းချမ်းရေးလုပ်ငန်းများကို ယူအင်န်အေအမ်အိုင်ဒီအဖွဲ့ ဆောင်ရွက်နေစဉ် ယင်းအဖွဲ့မှ ဝန်ထမ်း ၁၉ ဦး သေဆုံးခဲ့သည်။

ဒါဖာဒေသတွင် ၂၀၀၃ ခုနှစ်မှစ၍ ခါတွန်အစိုးရအဖွဲ့နှင့် သူပုန်များအကြား ပဋိပက္ခများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးရသူ ၂ ဒသမ၇သန်းရှိပြီးစစ်ဒဏ်၊အစာရေစာငတ်မွတ်မှုနှင့် ရောဂါဘယတို့ကြောင့် လူ ၃၀၀၀၀၀ သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။ ***အင်တာနက်။***

အီဂျစ်နိုင်ငံ နိုင်းမြစ်၌ ကူးတို့ရေယာဉ်နှစ်စင်း တိုက်မိမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်နေကြသော အီဂျစ်တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီဂျစ်၌ ကူးတို့ရေယာဉ်နှစ်စင်းတိုက် လူ ၅၀ပျောက်ဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

ကိုင်ရို ဒီဇင်ဘာ ၇

အီဂျစ်နိုင်ငံမြောက်ပိုင်း နိုင်းမြစ်တွင် ဒီဇင်ဘာ ၄ ရက်က ကူးတို့ရေယာဉ်နှစ်စင်းတိုက်မိရာ လူ ၅၀ခန့် ပျောက်ဆုံးနေသည်ဟု နိုင်းရုပ်သံဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

အဆိုပါရေယာဉ်များ တိမ်းမှောက်မှုတွင် လူရှစ်ဦးသာ ပျောက်ဆုံးနေသည်ဟု အီဂျစ်မီနာသတင်းဌာနက ကနဦးသတင်းထုတ်ပြန်ခဲ့သည်။

အီဂျစ်နိုင်ငံ မြောက်ပိုင်း ရှိဆက်တာမြို့အနီး၌ ရေယာဉ်နှစ်စင်း တိုက်မိရာ တစ်စင်းမှာ တိမ်းမှောက်သွားပြီး ကျန်တစ်စင်းမှာ လုံးဝပျက်စီးခဲ့သည်ဟု မီနာသတင်းဌာနက ဖော်ပြသည်။

ထိုရေယာဉ်နှစ်စင်းပေါ်၌ လူ ၅၀ ကျော်လိုက်ပါလာပြီးခြောက်ဦးမှာဒဏ်ရာရရှိသွားကာ ကယ်ဆယ်ရေးများလည်း ဆောင်ရွက်ခဲ့သည်ဟုနိုင်းရုပ်သံကသတင်းထုတ်ပြန်သည်။ ရေယာဉ်တိုက်မှုဖြစ်ရသည့်အကြောင်းရင်းကိုလည်း စုံစမ်းလျက်ရှိသည်ဟု ဘီဟီရာဒေသ အုပ်ချုပ်ရေးမှူး မိုဟာမက်ရှာရာဝီက ပြောကြားသည်။

အီဂျစ်နိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလက အယ်လ်ဆာလန်း ၉၈ ကူးတို့ရေယာဉ်သည် ဆော်ဒီအာရေဗျနိုင်ငံ ဒါဘာဆိပ်ကမ်းမှ အီဂျစ်နိုင်ငံဆာဖာဂါဆိပ်ကမ်းသို့အသွား ပင်လယ်နီ၌ နစ်မြုပ်ခဲ့သည်။ ထိုဖြစ်ရပ်သည် အီဂျစ်နိုင်ငံ၏ သမိုင်း၌ အဆိုးရွားဆုံး ရေယာဉ်မတော်တဆမှုဖြစ်ခဲ့သည်။ ထိုသင်္ဘောပေါ်၌ ခရီးသည် ၁၄၀၀ လိုက်ပါလာပြီး ၁၀၃၄ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ထိုသူများတွင် အီဂျစ်နိုင်ငံသားများ အများဆုံးဖြစ်သည်။ ***အင်တာနက်။***

မြောက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်တိုးနိုင်

ရန်ကုန် ဒီဇင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။**ထူးခြားသည့်ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မင်းတပ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဒီဇင်ဘာ ၈ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်တွင်နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေပြည်တော်ပျဉ်းမနား မီးဘေးကာကွယ်ရေး လုပ်ငန်းများ စစ်ဆေး

နေပြည်တော်ပျဉ်းမနား ဒီဇင်ဘာ ၇

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရ ဦးသန်းကျော်ကျော်သည် ဒီဇင်ဘာ ၁ရက်နံနက်က နေပြည်တော် ပျဉ်းမနားမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်များနှင့် စက်များကြံခိုင်မှုကို စစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)** ထို့နောက် မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ရဲသူရိန်ခင်မောင်ရီက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်း ကွင်းဆင်းစစ်ဆေးမှု၊ စည်းရုံးဟောပြောမှုနှင့် သန္ဓေနှင့် အရန်တပ်ဖွဲ့ဝင်များ လေ့ကျင့်မှုအခြေအနေများကို တင်ပြရာ ညွှန်ကြားရေးမှူးက ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ ကြိုတင်ကာကွယ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ လုပ်ငန်းစွမ်းရည် ထက်မြက်သွက်လက်ရေး တို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

(ခရိုင်ပြန်/ဆက်)

ငါန်းဇွန်မြို့ အထက မြတ်ဆရာပူဇော်ပွဲ

ငါန်းဇွန် ဒီဇင်ဘာ ၇

ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ရက်(စနေနေ့)တွင် ငါန်းဇွန်အထက အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှတပည့်များ တက်ရောက်နိုင်ရန်နှင့် အလှူငွေထည့်ဝင်လိုပါက ရန်ကုန်တွင် ဦးခင်မောင်ညို(ဘောဂဗေဒ) ဖုန်း-၀၉-၅၀၆၃၇၂၈၊ ဒေါ်သန်းနွဲ့ဦး ဖုန်း-၀၁-၂၉၀၈၆၈၊ ဒေါ်နီနီအေး ဖုန်း-၀၁-၃၇၁၅၇၀၊ မန္တလေးတွင် ဦးတင်မောင်ဝင်း ဖုန်း-၀၉-၂၀၀၄၇၉၇၊ ဒေါ်မွှေးဖြူ ဖုန်း-၀၂-၇၂၁၁၄၊ ဒေါ်ခင်မြတ်မြတ်မိုး ဖုန်း-၀၉-၂၀၅၈၃၂၂၊ ဦးသန်းလွင်(ဂျစ်) ဖုန်း-၀၉-၂၀၂၂၇၇၊ စစ်ကိုင်းတွင် ဒေါ်စမ်းစမ်းမော်(မဒေါင်း)ဖုန်း-၀၇၂-၂၁၇၂၆၊ ဒေါ်ဝင်းဝင်းနု(မိုးယံကဖေး) ဖုန်း-၀၇၂-၂၁၂၀၉၊ ဆရာဦးစန်းလွင် ဖုန်း-၀၉-၆၄၆၃၆၁၉၊ နေပြည်တော်ပျဉ်းမနားတွင် ဦးမြင့်လွင် ဖုန်း-၀၆၇-၂၂၄၈၅ နှင့် ငါန်းဇွန်တွင် ဆရာကြီးဦးမောင်မောင်လတ် ဖုန်း-၀၆၆-၄၆၀၃၃၊ ဒေါ်နွဲ့ရီ ဖုန်း-၀၆၆-၄၆၁၅၆ နှင့် ဦးမြင့်ဇော် ဖုန်း-၀၆၆-၄၆၀၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မှ ငါန်းဇွန်သို့ တိုက်ရိုက်အသွားအပြန် ကားထွက်မည်ဖြစ်ရာ ဒေါ်နွယ်နွယ်အေး(မနွယ်)ဖုန်း-၀၁-၅၈၁၅၉၁နှင့် ၀၉-၅၁၂၄၆၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချီ

ရန်ကုန် ဒီဇင်ဘာ ၇

'အသက်(၁၈)နှစ်အောက် ကလေးများကို ပြောဆိုဆုံးမရာတွင်' သတင်းပါရှိသည့် 'မြန်မာနယူးစ်ဝိခ်ဂျာနယ်' အတွဲ(၂)၊ အမှတ်စဉ်(၆)ကို ယနေ့ဖြန့်ချိလိုက်သည်။

မှန်ကန်သော သတင်းအချက်အလက်များနှင့် သတင်းမီဒီယာများ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့ မြန်မာနိုင်ငံနှင့် ဆွေးနွေးပွဲများ စတင်ရန်စိတ်အားထက်သန်လျက်ရှိ၊ တရားမဝင်ဝင်ရောက်သည့် နိုင်ငံခြားငါးဖမ်းစက်လှေပါ ငါးဖမ်းသမားများအား ရုံးတင်စစ်ဆေး၊ မဟာဝိဇယကုန်းတော်မှ ကန်အား ပြန်လည်ပြုပြင်ပြီး ရေပြတ်ချိန်တွင် အရန်ရေလှောင်ကန်အဖြစ် ထားရှိပြီး (Down Tow) မြို့နယ်များသို့ ရေဖြန့်ဖြူးခြင်းဆောင်ရွက်သွားမည်၊ (၂၅) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းဗိုလ်စွဲပါက ငွေကျပ်သိန်း ၁၀၀၀၀ ဆုချမည်ဖြစ်၊ မြန်မာနိုင်ငံကို ဆော်ဒီအာရေဗျနိုင်ငံက အတိုးမဲ့ငွေချေးမည်၊ ဒုတိယအပတ် ဆမသင်တန်းဖွင့်လှစ်မည်၊ (CDMA)ဖုန်းများကြောင့်မြို့ပြဆက်သွယ်ရေး တိုးတက်လာတော့မည်ဟု မျှော်လင့်နေကြ၊ (FDA)နှင့် (YCDC)ကျန်းမာရေးဌာနတို့ပူးပေါင်း၍ အသားလုံး၊ အသားချောင်း ထုတ်လုပ်မှုစက်ရုံများ စစ်ဆေး၊ (UAE)နိုင်ငံမြို့တော်ဒူဘိုင်းရောက်မြန်မာ အလုပ်သမား တစ်ယောက်အကြောင်း၊ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်တွင် ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်၊ စွန့်ပစ်ပလတ်စတစ်အိတ်မှ စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံက မြန်မာနိုင်ငံအား အကူအညီပေးမည်၊ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် ဗိုလ်တထောင် ဆိပ်ခံဗောတံတား ပြန်လည် တည်ဆောက်ရေးအတွက် (JICA) အေဂျင်စီက ထောက်ပံ့ကူညီမည်၊ မြန်မာနိုင်ငံတစ်ဝန်းလုံး သွားလာနိုင်မည့် မော်တော်ဆိုင်ကယ်(ယ) လိုင်စင်ထုတ်ပေးနေ၍ ဆိုင်ကယ်ဈေးနှုန်းများ မြင့်တက်လာ၊ ယာဉ်တိုက်ခိုက်မှုကင်းဝေးစေရေးနှင့် လမ်းများသက်တမ်းရှည် ခိုင်ခံ့စေရန် ရန်ကုန်မြို့အတွင်းသို့ (၃)တန်နှင့် အထက်ယာဉ်များ သွားလာခွင့်ရပ်ဆိုင်း၊ အစ္စရေးက အီရန်အား လေကြောင်းမှ တိုက်ခိုက်လာပါက အစ္စရေးလေယာဉ်များပြုတ်ပြုတ်ပြုန်းသွားမည်ဟု အီရန်သတိပေး၊ အရေးပါသော ဟော်မုဇ်ရေလက်ကြားအားချုပ်ကိုင်နိုင်ရန် အီရန်က ရေတပ်ကို အသင့်ပြင်၊ အီရန်က ယူရေနီယံ သန့်စင်ရေးစက်ရုံသစ် ၁၀ ခု ထပ်မံတည်ဆောက်မည် စသည့် နောက်ဆုံး ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ် သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

အခုကောင်းရင် နောင် ကောင်းပါလိမ့်မယ်

ချစ်နိုင် (စိတ်ပညာ)

လူငယ်စာပေတွေကို အများအားဖြင့် ရေးသားမိတဲ့ မိမိကို တစ်စုံတစ်ယောက်ကများ လူငယ်ဆိုတာ ဘယ်အရွယ်လဲဗျာလို့ မေးလာခဲ့သည်ရှိသော် ဖြေတတ်အောင် သူများတွေသတ်မှတ်ထားတဲ့ အသက်အပိုင်းအခြားများအား လေ့လာကြည့်မိပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက သတ်မှတ်ထားတဲ့ တရားဝင် အသက်အရွယ်က အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်းရှိသူတွေကို လူငယ်လို့ခေါ်သတဲ့။ အထက်တန်းကျောင်းသားနဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေအားလုံးဟာ လူငယ်စာရင်းဝင်တွေဖြစ်ပါတယ်။ လူငယ်ဘဝကို ဆယ်နှစ်တာ သတ်မှတ်ထားရဲ့။

ကလေးသူငယ်များနဲ့ သက်ဆိုင်တဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုအရ ကြေညာတဲ့ ကြေညာစာတမ်းမှာတော့ အသက် (၁၈) နှစ်အောက်ကို ကလေး၊ အသက် (၁၈) နှစ်ပြည့်ပြီးရင် လူကြီး၊ ဒီလိုပဲ သတ်မှတ်ထားတယ်။ ဒီအခြေခံသဘောတူညီမှုအရ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်အတိုင်းပဲ မိမိတို့ မြန်မာနိုင်ငံမှာ အသက် (၁၈)နှစ်ပြည့်ပြီးသူတိုင်းကို (ရူးသွပ်သူတို့၊ ရာဇဝတ်ပြစ်ဒဏ်ကျခံနေရသူတို့၊ သာသနာ့ဝန်ထမ်း ဘုန်းကြီး၊ ရဟန်းသံဃာ စသည်တို့မှအပ) လူတိုင်းမဲဆန္ဒပေးခွင့်ရကြပါတယ်။ ဒါဟာ အသက် ၁၈နှစ်ကျော်ရင် လူကြီးလို့ သတ်မှတ်တဲ့အဓိပ္ပာယ်ပါပဲ။

လူငယ်ဆိုတာ ကလေးနဲ့လူကြီးကြားက အရွယ်ပါ။

မိမိတို့ ဦးတည်ရည်ညွှန်းပြီး ရေးသားနေတဲ့လူငယ်ဆိုတာရဲ့ အသက်အပိုင်းအခြားက အသက် (၁၅) နှစ်မှ (၃၀) နှစ်အတွင်းပါ။ ဒီအရွယ်ဟာ ဘဝတစ်သက်တာရဲ့ တိုက်ပွဲအပြင်းထန်ဆုံး ရုန်းကန်လှုပ်ရှားရတဲ့ အချိန်အပိုင်းအခြားလို့ မိမိထင်ပါတယ်။ အရေးအကြီးဆုံး ဘဝတစ်ခုလုံးရဲ့ အတက်အဆင်းကို အဆုံးအဖြတ်ပေးတဲ့ ကာလအပိုင်းအခြားလို့ မှတ်ယူပါတယ်။

တကယ်တော့ ကလေးလည်း ကလေးဘဝအလျောက်၊ လူကြီးလည်း လူကြီးဘဝအလျောက် အရေးကြီးတာချည်းပါပဲ။ သို့ပေမယ့် အသက် (၁၅) နှစ်မှ (၃၀) အရွယ်လောက်မှာတော့ ဘဝမှာ ပညာရှာချိန်၊ ကြင်ရာရှာချိန်၊ ဥစ္စာရှာချိန်၊ မိဘဆွေမျိုးရဲ့ အရိပ်အာဝါသအောက်မှ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် အပြင်းအထန်ကြိုးစားရမယ့်အချိန်ပေါ့။ အရေးကြီးဆုံးနဲ့ ဘဝမှန်တိုင်းဒဏ်ကို အပြင်းထန်ဆုံးခံစားဖြတ်သန်းကြမယ့် ကာလပါ။

ဟုတ်တယ်၊ လူငယ်ဟာ အနာဂတ်ပါ။

အနာဂတ်ကို မြင်ချင်ရင် လူငယ်ကိုကြည့်။

ယနေ့လူငယ်တွေဟာ နောင် ၁၀ နှစ်၊ အနှစ် ၂၀ မှာ လူကြီးဖြစ်လာကြမယ့်သူတွေပဲ။ သူတို့တော်ရင် အနာဂတ်တိုးတက်မှာပဲ။ သူတို့ရှော်ရင် အနာဂတ်က ကျဆင်းမှာမလွဲဘူး။ ဘယ်သူဘယ်ဝါမှ မကယ်နိုင်ဘူး။ အနာဂတ်ကို ကောင်းအောင်တည်ဆောက်ချင်ရင် လူငယ်တွေကို ပျိုးထောင်ပြုစုရာမှာ အစွမ်းကုန် အားထည့်ကြရမှာ။

ငွေအရင်းအနှီးတိုးပွားအောင် အမွေပေးထားတာ ကောင်းပါတယ်။ တိုက်တာခြံမြေ၊ ရွှေငွေရတနာတွေ အမွေပေးနိုင်ရင်လည်း ကောင်းပါတယ်။ သို့သော်-

အကောင်းဆုံးပေးရမှာက လူငယ်တွေကို စွမ်းရည်စွမ်းအား ဖြည့်တင်းပျိုးထောင်ပေးခြင်းပါ။ ဒါကြောင့် လူငယ်တွေ အချိန်ဖြုန်းလေလွင့်နေတာ မြင်ရရင် ရင်နာတယ်။ လူငယ်တွေ မူးရူးရှုပ်ပွေနေတာတွေ့ရရင် စိတ်မကောင်းဘူး။ အနာဂတ်ကို ငါတို့ပိုင်ဆိုင်တယ်။ ငါတို့ ခြယ်လှယ်ဖန်တီးနိုင်မယ်။ ဒါကြောင့် မိမိကိုယ်ကိုယ် အကောင်းဆုံး ပျိုးထောင်မြှင့်တင်မယ်လို့ နားလည်သိမြင်ကြတဲ့ လူငယ်တွေကို တွေ့မြင်ရရင် အလွန်အားတက်ကြည်နူးတာပဲ။

ဘဝတစ်ခုဟာ ဒီအသက် (၁၅) နှစ်နဲ့ (၃၀) နှစ်အတွင်းမှာ လူတစ်လုံးသူတစ်လုံးဖြစ်မလား၊ သာမန်ထဲမှာပဲ ဝဲလည်နေမလား၊ ကျရှုံးနစ်မွန်းသွားမလား၊ လမ်းချော်ပြီး ချောက်ကမ်းပါးထဲ ကျသွားမှာလား။ အရေးကြီးဆုံး အဆုံးအဖြတ်ပေးတဲ့ အချိန်ကာလလေ။ ကိုယ်ပိုင်အချိန်ကို သူဘယ်လို အသုံးပြုသလဲ။

လမ်းဆုံလမ်းခွတွေလည်း ရှုပ်ထွေးနေတယ်။

သူ့ရဲ့အဝေးမြင်ကွင်းကလည်း မသဲကွဲနိုင်သေးဘူး။

ယုံကြည်ချက်၊ ခံယူချက်၊ မျှော်မှန်းချက်ကိုပဲ ရဲရဲပိုက်ပြီး ရှေ့ကိုတိုးကြရမှာ။ မျှော်မှန်းချက်ရှိရမယ်။

ဖြားယောင်းသွေးဆောင်မှုတွေလည်း များတယ်။

လှည့်စားဟန်ဆောင်မှုတွေလည်း ပေါတယ်။

အန္တရာယ်လည်း အလွန်ပေါများထွေပြားတယ်။

မိမိရဲ့ဝါသနာ၊ ဗီဇ၊ ပါရမီ Talent ကို သိအောင်ကြိုးစားပြီး ဖော်ထုတ်ရမယ်။ ရင့်သန်အောင်လုပ်ရပါမယ်။ ရွေးချယ်မှုမှန်ကန်ဖို့၊ ဆုံးဖြတ်ချက်ခိုင်မာဖို့၊ ဖွဲ့လုံ့လဝီရိယရှိဖို့နဲ့ ဘေးဝဲယာက လှည့်စားဖြားယောင်းမှုတွေမှာ မျှောလွင့်ပါမသွားဘဲ ကြံ့ကြံ့ခိုင်ဖို့၊ မိမိရဲ့အနေအထိုင်၊ အဝတ်အစား၊ အပြောအဆို၊ အတွေးအခေါ်၊ အသိအမြင်ကို ပြောင်းလဲဖွံ့ဖြိုးလာအောင် အကောင်းဆုံး ပျိုးထောင်ဖို့ အရေးကြီးဆုံးအချိန်ပဲ။

ဘဝတစ်သက်တာလုံးအတွက် အဆုံးအဖြတ်ပေးတဲ့ တကယ့်ဘဝ အစိတ်အပိုင်းနော်။ လူငယ်တွေဟာ အားမာန်ကြီးမားသော်လည်း လူကြီးလောက် အရေမထူသေးဘူးကွယ့်။ ကွဲလွယ်တယ်၊ ဆတ်နေသေးတယ်။ သတ္တိကို အလွဲမသုံးမိဖို့လိုပါတယ်။

ရဲဝံ့စွန့်စားတိုင်းလည်း အမှန်မဟုတ်ဘူး။

မှန်တာကို ရွေးချယ်နိုင်စွမ်းရှိတဲ့ အသိအမြင်မျိုးနဲ့ စွန့်စားမှသာ လောကကောင်းကျိုး၊ မိမိကောင်းကျိုး ရရှိနိုင်တယ်။ မှားတဲ့ဘက်က ရပ်တည်ပြီး သတ္တိကောင်းနေရင် မိမိရော ပတ်ဝန်းကျင်ပါ ဆိုးကျိုးသာလျှင် အဖတ်တင်ရတတ်ပါတယ်။ ဒေဝဒတ်လိုလူမျိုးက မြှောက်ထိုးပင့်ကော်တွေ ပြောနေတတ်တယ်။ သတိထား။

လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်က ရဲရဲဝံ့ဝံ့ စွမ်းစွမ်းတမံ ပါဝင်ခဲ့ကြတဲ့ တော်လှန်ရေး ရဲဘော်ရဲဘက်အချို့ဟာ ကွန်မြူနစ်ဝါဒအစွဲမှိုင်းမိပြီး နှစ်ပေါင်းလေးဆယ်လောက် တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် လက်နက်ကိုင် ဒုက္ခပေးခဲ့တယ်။

မျိုးချစ်စိတ်ရှိကြတဲ့ လူငယ်တွေပဲ။

တကယ်တော်တဲ့ ထက်တဲ့လူငယ်တွေပါပဲ။ တိုင်းပြည်အကျိုးကို လုပ်ခဲ့ကြတဲ့သူတွေပဲ။ အတွေးအခေါ် အစွဲအမြင် လွဲသွေတော့ သူတို့ခမျာလည်း ဒုက္ခရောက်၊ တိုင်းပြည်နဲ့လူမျိုးလည်း ဆင်းရဲမွဲတေခြင်း သံသရာကြောထဲ နစ်မြုပ်။ စစ်မက်နဲ့ ဖျက်ဆီးမှုအတွက် ရဲရင့်မှု၊ ဖွဲ့ရှိမှု၊ သတ္တိကောင်းမှုတွေက ဆိုးကျိုးသက်သက် ပေါ်ထွက်စေပါတော့တယ်။ ဝမ်းနည်းစရာပေါ့ကွယ်။

သမိုင်းစာမျက်နှာထဲက သင်ခန်းစာတွေ။

လူ့ဘဝရလာတဲ့အခိုက်မှာ လူငယ်ဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ ကုသိုလ်နဲ့ အကုသိုလ်ကိုတော့ ကောင်းစွာ ခွဲခြားနားလည်ရပါမယ်။

ကုသိုလ်တရားဆိုတာ ဘာလဲ။

ပြုသူအား ယခုရော နောင်ပါ ကောင်းကျိုးရရှိစေတဲ့ အလုပ်မျိုးတွေပဲ၊ ပုညကြိယာဝတ္ထုဆယ်ပါးဆိုတာ မျိုးတွေပေါ့။

အကုသိုလ်တရားဆိုတာကကော ဘာလဲ။

မလိမ္မာသော၊ အပြစ်နဲ့တကွ ဖြစ်သော၊ မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိသော (ဝါ) ကုသိုလ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့အရာ။ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ထိခိုက်စေတဲ့ အလုပ်မျိုးပဲ။

အကုသိုလ်စိတ်ဟာ ပယ်ရမယ့် ပဟာတဗ္ဗတရားပဲ။

ရှောင်ရန်ဖြစ်တယ်။ Don't မလုပ်နဲ့။

တားမြစ်ပိတ်ပင်အပ်တဲ့ အလုပ်မျိုးတွေဖြစ်ပါတယ်။

ကုသိုလ်စိတ်ကတော့ ကျင့်သုံးစွဲပိုက်ရမှာ။

ဆောင်ရန်ဖြစ်တယ် Do လုပ်ဆောင်ပါ။

တိုက်တွန်းအပ်တဲ့ အလုပ်မျိုးတွေ ဖြစ်ပါတယ်။

အကုသိုလ်စိတ်ရဲ့ အရင်းအမြစ်တွေကတော့ လောဘစေတသိက်၊ ဒေါသစေတသိက်နဲ့ မောဟစေတသိက်တို့ပါပဲ။ အခြေခံအကြောင်းမို့ ဟိတ်လို့လည်းခေါ်တယ်။ အကုသိုလ်ဟိတ်(၃)ခု။

ကုသိုလ်စိတ်ရဲ့ အရင်းအမြစ်တွေကတော့ အလောဘ၊ အဒေါသနဲ့ အမောဟစေတသိက်တွေ ဖြစ်တယ်။ သူတို့ကို ကုသိုလ်ဟိတ်သုံးပါးလို့လည်း ခေါ်ပါတယ်။

(၁) **အလောဘ** ဆိုတာ ဒါန၊ စာဂ၊ စွန့်လွှတ်တာ၊ ပေးကမ်းတာ၊ လှူဒါန်းတာ၊ မမက်မောတာ၊ မလိုချင်တာ၊ မျှဝေ၊ ပေးဝေတာ။

(၂) **အဒေါသ** ဆိုတာ မခက်ထန်ဘူး၊ မကြမ်းတမ်းဘူး၊ မမောက်မာဘူး၊ မတင်းမာဘူး၊ နူးညံ့တယ်၊ နှိမ့်ချတယ်။ ပျော့ပျောင်းတယ်။ ဒါ့အပြင် မေတ္တာလို့လည်း အဓိပ္ပာယ်ရသေးတယ်။ ခင်မင်ခြင်း၊ ကြင်နာခြင်း၊ စာနာခြင်း၊ အကျိုးလိုလားခြင်း၊ ကောင်းကျိုးကိုသာဖြစ်စေခြင်း။

(၃) **အမောဟ** ဆိုတာ ဉာဏ်ပညာ၊ မြော်မြင်နိုင်စွမ်းရှိတာ၊ ကြိုတင်မြော်ခေါ်တတ်တာ၊ အမှန်ကို ထွင်းဖောက်သိမြင်တာ၊ အပိတ်အဆီးမရှိ ရှင်းလင်းသဲကွဲစွာ ဉာဏ်မျက်စိနဲ့ မြင်စွမ်းရှိတဲ့သဘော။

ကောင်းမှုတစ်ခုခုကို ကုသိုလ်စိတ်နဲ့ လုပ်ပါပြီတဲ့၊ ဘယ်လိုလုပ်မလဲ။

(က) **သောမနဿသဟဂုဏ်** = ပျော်ပျော်ရွှင်ရွှင် ဝမ်းပန်းတသာနဲ့ ကြည်နူးစွာလုပ်ပါ။

(ခ) **ဉာဏသမ္ပယုတ်** = ကံ၊ ကံရဲ့အကျိုးကို ကောင်းစွာသိမြင်ဉာဏ်ဆင်ခြင်ပြီးလုပ်ပါ။ **(အကြွားအဝါ ပကာသနမပါ၊ ဂုဏ်တု ဂုဏ်ပြိုင်မဟုတ်ပါ။)**

(ဂ) **အသင်္ခါရိက** = ထက်ထက်သန်သန် တက်တက်ကြွကြွ အမူအရာဖြင့် ပြုလုပ်ပါ။ စိတ်ပါလက်ပါလုပ်ပါ။ (စိတ်မပါ့တပါ၊ အင်တင်တင်နဲ့ လုပ်တာမျိုးက အကျိုးပေး မထက်သန်ဘူး။)

ကုသိုလ်ဖြစ်ခြင်း အကြောင်းရင်းတရားက ပတ်ဝန်းကျင်လှုံ့ဆော်မှုလည်းပါတော့ပါတယ်။ ပတ်ဝန်းကျင်ကောင်းက အထောက်အပံ့ပေးပါတယ်။ သို့ပေမယ့် အတွင်းဓာတ်ခံက ပိုပြီးအဓိကကျတယ်ဗျ။ နှလုံးသွင်းသဘောထားလိမ္မာယဉ်ကျေးခြင်းဟာ အရေးကြီးတယ်။

သဒိသံ=တူသော၊ ပါကံ=အကျိုးဝိပါက်ကို၊ ဇနေတိ=ဖြစ်စေ၏တဲ့။ ဒါကြောင့် စိတ်ကောင်းမွေးပါ။ တူသောအကျိုးကို ပေးတယ်ဆိုတာ ကုသိုလ်ပြုလျှင် ကုသိုလ်အကျိုး၊ အကုသိုလ်ပြုလျှင် အကုသိုလ်အကျိုး၊ မလွဲမသွေဖြစ်စေတဲ့ နိယာမသဘာဝကိုပြောတာပဲ။

အချဉ်သီးစိုက်လျှင် အချဉ်သီးရမယ်။

အချိုပင်စိုက်လျှင် အချိုသီးစားရမယ်။

ကောင်းသောအလုပ်ကို လုပ်လျှင် ကောင်းကျိုးပေး၍ မကောင်းသောအလုပ်ကို လုပ်လျှင် မကောင်းကျိုးပေးတယ်ဆိုတာ သာဓကတွေ ရှာဖွေပြီး သိမြင်အောင်ကြည့်ပါ။ တွေ့လား။

မနေ့ကဖြစ်ရပ်မှန်တစ်ခု နမူနာရှုပါစို့။

လောက်လေးခွနဲ့ ငှက်ပစ်တဲ့ ကောင်လေးတစ်ယောက် မျက်စိတစ်ဖက်သူ့သားရေခွ၊ ကျောက်ခဲမှန်ပြီး ကန်းသွားပါလေရော။ ဘယ်သူမပြု မိမိမှုမဟုတ်လား။

ကုသိုလ်ကံ၊ အကုသိုလ်ကံတွေနဲ့ ဘဝကောင်းကျိုးဆိုးကျိုးတွေ ခံစားနေရကြောင်း ထင်ရှားပါတယ်။

ကောင်းကျိုးချမ်းသာ မင်္ဂလာရဲ့ တည်ရာဖြစ်တဲ့အတွက် လူတွေ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်အလုပ်ဆယ်မျိုးရှိတယ်။

"ပုညကြိယာဝတ္ထု (၁၀)ပါး" လို့လည်းခေါ်တယ်-

- ၁။ **ဒါန** = လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ဝေငှခြင်း၊ ထောက်ပံ့ခြင်း၊ သူတစ်ပါးချမ်းသာအောင် ကူညီခြင်းများ။
- ၂။ **သီလ** = စောင့်ထိန်းခြင်း၊ သူတစ်ပါးမဆင်းရဲအောင် စောင့်ရှောက်တဲ့အလုပ်။
- ၃။ **ဘာဝနာ** = ပွားများခြင်း။ မိမိစိတ်ကို မြင့်မြတ်အောင်၊ ဖြူစင်အောင် လေ့ကျင့်အားထုတ်ခြင်း။
- ၄။ **အပစာယန** = ရတနာသုံးပါးနဲ့ မိဘ၊ ဆရာ၊ မိမိထက်အသက်အရွယ်၊ သိက္ခာ၊ ဂုဏ်ကြီးသူများအား ရိုသေလေးစားမှု။
- ၅။ **ဝေယျာဝစ္စ** = သူတစ်ပါးရဲ့ အပြစ်ကင်းတဲ့ ကိစ္စကြီးငယ်တို့ကို ကူညီဆောင်ရွက်ပေးခြင်း၊ အခမဲ့ဝန်ဆောင်ခြင်း။
- ၆။ **ပတ္တိဒါန** = ကုသိုလ်ကိုမျှဝေခြင်း။
- ၇။ **ပတ္တာနုမောဒနာ** = ကုသိုလ်တရားတစ်ခုခု ကြားရမြင်ရလျှင် ဝမ်းသာရွှင်ပျ သာဓုခေါ်ခြင်း။
- ၈။ **ဓမ္မဿဝန** = တရားစာ၊ တရားစကား ဖတ်ရှုနာကြားမှု။
- ၉။ **ဓမ္မဒေသနာ** = အများ၏ စီးပွားချမ်းသာအလို့ငှာ ရိုးသားဖြူစင်သော စေတနာဖြင့် တရားဟောပြောမှု။
- ၁၀။ **ဒိဋ္ဌိဇုကမ္မ** = ကံ၊ ကံ၏အကျိုးကို ယုံကြည်သော၊ ကံသာလျှင် ကိုယ်ပိုင်ပစ္စည်း ဥစ္စာအစစ်အမှန်၊ အခြားပစ္စည်းဥစ္စာ၊ ရတနာ၊ ရွှေ၊ မြေဟူသမျှ ကိုယ်ပိုင်မဟုတ်ဆိုတာ သိမြင်နားလည်တဲ့ ကမ္မဿကတာဉာဏ်ရှိခြင်း။

ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ကံရဲ့ကောင်းကျိုးဆိုးကျိုးကို ကောင်းစွာကြည်ကြည်လင်လင် သိမြင်ရင် ပြင်ပမှာအားကိုးမရှာနဲ့၊ အဆောင်တွေ၊ ယတြာတွေ၊ အင်းတွေ ဘာမှမလိုအပ်ဘူး။ မိမိသာလျှင် အဆုံးအဖြတ်ပေးသူပေပဲလို့ အဓိကအကျဆုံးပုဂ္ဂိုလ်ကို အရေးကြီးမှန်းနားလည်ပါလိမ့်မယ်။ စိတ်ကောင်းရှိဖို့က ပထမပါ။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၁၂-၂၀၀၉ (အင်္ဂါနေ့)

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၇)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၀၅ ၇။ "ကြံခင်းဘိလပ်မြေစက်ရုံ"
- ၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁း၀၀ ၁။ **(၂၅)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ**

တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့်ဗီယက်နမ်)

- ၂း၄၅ ၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၃၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ "ကြိုဆိုလျက်ပါ"
- ၅း၂၀ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ အကပြိုင်ပွဲ
- ၅း၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (အပိုင်း-၁၅)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (အပိုင်း-၆)**
- ၂၀။ အစီအစဉ်ပြီး၏။

“အရုဏ်ဦးမှာ ဖူးသည့်ကြာ” ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်၊အတတ်ပညာရှင်များအား ဂုဏ်ပြုညစာတည်ခင်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၇

နိုင်ငံ့အကျိုးပြုဂုဏ်ပြုဇာတ်လမ်းဖြစ်သော “အရုဏ်ဦးမှာ ဖူးသည့်ကြာ” ဗီဒီယိုဇာတ်ကားတွင်ပါဝင်ခဲ့ကြသည့် ရုပ်ရှင်၊ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့်အခမ်းအနားကို ယမန်နေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ “အရုဏ်ဦးမှာ ဖူးသည့်ကြာ”ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီပေးခဲ့ကြသည့် ရုပ်ရှင်၊ ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒါရိုက်တာ တင်သန်းဦး၊ သရုပ်ဆောင်များဖြစ်ကြသော အကယ်ဒမီလွင်မိုး၊ အကယ်ဒမီလူမင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်နှင့် ဝေဠုကျော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က လက်ထောက်ဒါရိုက်တာ ဘုန်းဝေ၊ ဇာတ်လမ်း ဦးကိုကိုလှိုင်၊ အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီဇော်ဦး၊ ဖြိုးငွေစိုး၊ အကယ်ဒမီအောင်ခိုင်၊ အောင်မြင့်ဗို၊ နန္ဒနှင့် သက်မွန်မြင့်တို့အား လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အကယ်ဒမီ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ မယ်လိုဒီ၊ မေသက်ခိုင်၊ ရတနာမိုင်၊ အေးမြတ်သူ၊ မိုးယံဇွန်၊ ကျော်ဇေယျနှင့် နေတိုးတို့အား လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းမြင့်က ဘုန်းသျှန်၊ သတိုးဇော၊ အောင်ဇော်၊ ကိုကိုဦး၊ စိုင်းအောင်တင့်၊ အရိုင်း၊ ဂွမ်းပုံလေး၊ ဂွမ်းပုံကြီး၊ ဝါဝါအောင်၊ ကျားကြီးနှင့် ကြည်စိုး(IC) တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ငှက်ပျောကြော်၊ ကုသိုလ်၊ ဆုကဗျာ၊ ကေကေမိုးမြင့်၊ ဆုမြတ်သီရိ၊ ကျော်စစ်ဗေဒါ၊ စိုပြေ၊ သဇင်ထွန်းနှင့် စပ်စုတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က “အရုဏ်ဦးမှာ ဖူးသည့်ကြာ” ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသောရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတ အနုပညာရှင်များ၏ကိုယ်စား ဒါရိုက်တာတင်သန်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုပေးအပ်သည်။

ယင်းနောက် ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား ဒါရိုက်တာ တင်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း “အရုဏ်ဦးမှာ ဖူးသည့်ကြာ” ဗီဒီယိုဇာတ်ကား၏ဒါရိုက်တာ တင်သန်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း “အရုဏ်ဦးမှာ ဖူးသည့်ကြာ” ဗီဒီယိုဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတ အနုပညာရှင်၊ အတတ်ပညာရှင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတ အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)တို့ ပူးပေါင်း၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေးသင်တန်း အမှတ်စဉ် (၃/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်နယ် နယ်မြေခံတပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ UNICEF ၊ UNHCR ၊ ICRC ၊ Save the Children (Myanmar) နှင့် World Vission (Myanmar) တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ သင်တန်းသားအရာရှိ ၃၃ ဦးတို့ တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် UNICEF ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့က အမှာစကား ပြောကြားကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNICEF ၊ UNHCR၊ ICRC၊ Save the Children (Myanmar) နှင့် World Vission(Myanmar) တို့မှ ဌာနေကိုယ်စားလှယ်များသည် သင်တန်းသားအရာရှိများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နယ်မြေခံတပ်အတွင်း ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

တောင်ငူ ဂျီတီအိုင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

နဝမအကြိမ်မြောက် တောင်ငူ ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် မရမ်းကုန်းမြို့နယ် (၈)မိုင် ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး သီးခြားဖိတ်စာမပို့ပါ၍ အလှူငွေထည့်ဝင်လိုသူများသည် ကိုနိုင်မင်းသူ ဖုန်း-၀၉-၅၀၅၉၉၈၉၊ မခင်မာလာထွန်း ဖုန်း-၀၉ ၅၁၆၁၂၃၄၊ကိုအေးကို ဖုန်း-၀၉-၅၁၃၀၆၁၅၊ ကိုတင်အောင်သန်း ဖုန်း-၀၉-၅၁၂၂၀၁၆၊ ကိုမြင့်နိုင် ဖုန်း-၅၁၁၄၂၆၂၊ မအေးအေးသိန်း ဖုန်း-၀၉-၅၁၃၈၁၈၇၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉-၅၁၉၅၁၉၄နှင့် ကိုထွန်းမြင့် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၃၀၄၊ ၀၉-၅၁၉၇၀၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လှုပ်တစ်ပြက်ရိုက်ချက်
၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လှုပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မှုခင်းရဲ (အပိုင်း-၁၇)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေး
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လူငယ်ပေါင်းချိန် (တတိယတွဲ) (အပိုင်း-၃၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

မူးယစ်ကင်းစင် အလှဆင်

☆ နိုင်ငံတော်မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စက်ရုံကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် စက်ရုံ၏ Function Room ၌ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များအား မန်နေဂျင်းဒါရိုက်တာက စက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စက်ရုံမျိုးမှာ နိုင်ငံအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ခေတ်မီအဆင့်မြင့် နည်းပညာများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်း တိုးတက်ရေး ဆက်လက်ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားပြီး ကုမ္ပဏီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး Asia General Electric Co., Ltd. စက်ရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

Asia General Electric Co., Ltd. စက်ရုံသစ်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

❈ ရှေ့ဖုံးမှ

ဒေဝင်အုပ်စုကုမ္ပဏီ၏ ဦးဆောင်မှုဖြင့် Gold Delta Co., Ltd. (ကဍုနကျွန်းသား) သို့ မိုးစပါးစိုက် တောင်သူလယ်သမားများက သွင်းအားစုများ ပြန်လည်ပေးသွင်းခြင်းနှင့် ဒေါင်းတံခွန်ကုမ္ပဏီလီမိတက်မှ မတ်ပဲစိုက်တောင်သူများသို့ ပံ့ပိုးငွေပေးအပ်ပွဲ အခမ်းအနားဖြစ်သည်။

ဆန်စပါးအထူးပြုကုမ္ပဏီ Gold Delta Co., Ltd. (ကဍုနကျွန်းသား)မှ ၂၀၀၉ - ၂၀၁၀ ခုနှစ် မိုးစပါးရာသီအတွက် လယ်သမားများသို့ အမှန်တကယ် လိုအပ်သည့် စိုက်စရိတ် သွင်းအားစု၊ ရိတ်သိမ်းစရိတ်နှင့် လယ်ယာသုံးကိရိယာများ ပံ့ပိုးပေးခဲ့သည်။ တောင်သူလယ်သမားများအနေဖြင့် မိုးစပါးစိုက်ချိန်၌ အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့သည်။ စိုက်နည်းစနစ်မှန်ကန်ခဲ့သည်။ အထွက်တိုးမျိုးသန့်စပါးများ လုံလောက်ခဲ့သည်။ လိုအပ်သောသွင်းအားစု ဓာတ်မြေဩဇာများ အချိုးညီစွာ ထည့်သွင်းနိုင်ခဲ့သည်။ ရိတ်သိမ်းချိန်၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ကူညီပံ့ပိုးမှုများ ရခဲ့သည်။ သို့အတွက် ကြိုးစားသော ဧရာဝတီသားတို့ အကျိုးစီးပွားတိုးခဲ့ပြီ။

ထို့ကြောင့် ရိုးသားကြိုးစားသော ဧရာဝတီသား မိုးစပါးစိုက်လယ်သမားကြီးများက တစ်ဖန် မိမိတို့ကို ကုမ္ပဏီက ပံ့ပိုးပေးခဲ့သော စိုက်စရိတ်နှင့် သွင်းအားစု စရိတ်များကို ပေါ်ဦးပေါ်ဖျားကောက်စောစပါး ရောင်းရငွေများဖြင့် ပြန်လည်ပေးသွင်းနေသည်။ ကုမ္ပဏီနှင့် တောင်သူလယ်သမားတို့အကြား အပြန်အလှန်ခိုင်မြဲသော ယုံကြည်မှုတစ်ရပ် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က “နိုင်ငံတော်၏ အခြေခံကျသော တောင်သူလယ်သမားများ၏ လူမှုဘဝများ ယခုထက် ပိုမိုမြင့်ဖို့ရည်ရွယ်ကြောင်း၊ ဓနုဖြူမြို့နယ်မှသည် တစ်နိုင်ငံလုံးအထိ ရည်ရွယ်ထားကြောင်း” ကုမ္ပဏီ၏ ရည်မှန်းချက်ကို ပြောပြခဲ့သည်။

မျိုးမှန်၊ စိုက်နည်းမှန်ပါက ထုတ်လုပ်မှုပမာဏလည်း အလိုအလျောက် မြင့်မားလာမှာဖြစ်ကြောင်း၊ အရည်အသွေးကောင်း၍ ထုတ်လုပ်မှုမြင့်မားလာသည်နှင့်အမျှ တောင်သူလယ်သမားများ၏ အကျိုး၊ နိုင်ငံတော်၏ အကျိုး၊ ကုမ္ပဏီ၏ အကျိုးမှာလည်း ရေမြင့်ကြာတင့်ပမာ လိုက်လျောညီထွေစွာ တိုးတက်လာမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ကုမ္ပဏီမှ အာမခံစနစ်ဖြင့် လယ်သမားကြီးတစ်ဦး၏ လယ်ငါးဧကအား စမ်းသပ်စိုက်ပျိုးပြခဲ့သည်။ ယခင် တစ်ဧက တင်း၇၀ ထွက်ရာမှ ကုမ္ပဏီ၏ နည်းစနစ်ပံ့ပိုးမှုအတိုင်း စိုက်ပျိုးခဲ့ရာ တင်း ၁၀၀ ထွက်ရှိခဲ့သည်။ လယ်သမားကြီးများ လက်တွေ့မြင်ရ၍ သဘောကျခဲ့ကြသည်။

မူလက မြို့နယ်တွင် ဧက ၁၀၀၀၀ ပံ့ပိုးပေးရန် ရည်မှန်းခဲ့သော်လည်း လယ်သမားများ၏ တောင်းဆိုမှုကို ဖြည့်တင်း၍ ဧက ၃၅၀၀၀ အတွက် ပံ့ပိုးပေးနိုင်ခဲ့သည်။ မြို့နယ်၏ ၃၆ ရာခိုင်နှုန်းနီးပါး ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရသည်။

ပြီးခဲ့သောနှစ် စိုက်ရာသီတွင် မျိုးစပါး ထုတ်လုပ်မှုအနေဖြင့် ဓနုဖြူမြို့နယ်တွင် ဧက ၆၀၊ ရန်ကုန်တိုင်းအတွင်း ဧက ၅၀ မျိုးသန့်စပါး ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၁၁ခုနှစ် မိုးစပါးစိုက်ရာသီတွင် ဓနုဖြူမြို့နယ်၌ ၇၅ ရာခိုင်နှုန်းကို မျိုးစပါး တစ်မျိုးတည်းဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းကိုလည်း ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားခဲ့သည်။

ထို့အပြင် ကုမ္ပဏီ၏အကျိုးအမြတ် ၂၅ ရာခိုင်နှုန်းကိုလည်း တောင်သူလယ်သမားများ၏ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌထံမှ ကြားသိခဲ့ရသည်။

အခမ်းအနားအပြီးတွင် ဦးမြင့်ဆွေ တွဲဖက်ဒါရိုက်တာ (စိုက်ပျိုးရေး)နှင့် တွေ့ဆုံခဲ့သည်။ ဦးမြင့်ဆွေက “၂၀၀၉-၂၀၁၀ မိုးစပါး စိုက်ပျိုးရာသီမှာ ဒီဓနုဖြူမြို့နယ်အတွင်း လယ်သမား ၄၂၈၃ ဦးကို တစ်ဧက ကျပ် ၅၀၀၀၀ မှ ၅၅၀၀၀ နှုန်းနဲ့ စိုက်ဧက ၃၅၈၆၆ ဒသမ ၈၄ အပေါ် ပံ့ပိုးမှုစရိတ်တွေ ထုတ်ပေးခဲ့ပါတယ်။ အခုလို မိုးစပါးပေါ်ချိန်ကျမှသာ ပြန်လည်ပေးသွင်းရတာ ဖြစ်ပါတယ်။ လယ်သမားနဲ့ ကုမ္ပဏီကြားမှာ ဘာအာမခံချက်မှ မထားပါဘူး” ဟု ကြေးမုံသတင်းအဖွဲ့အား ရှင်းပြခဲ့သည်။

ဆက်လက်၍ ပံ့ပိုးစရိတ်များ ပြန်လည်ပေးဆပ်နေသူ ကျောင်းကြီးတိုက်နယ် နှဲကြီးအုပ်စု ရိုးကြီးကျေးရွာမှ လယ်သမားကြီး ဦးသိန်းအောင်နှင့် စကားပြောဖြစ်သည်။ “ကျွန်တော် မနှစ်က မိုးစပါးဧက ၅၀ စိုက်ခဲ့ပါတယ်၊ လိုအပ်တဲ့ငွေကျပ် တစ်ဆယ့်ခြောက်သိန်းကိုပဲ ယူခဲ့ပါတယ်။ အခုလို စိုက်စရိတ်အပြင် လိုအပ်တဲ့သွင်းအားစု စရိတ်တွေပါ ထောက်ပံ့ပေးတဲ့အတွက် ကျွန်တော်တို့လို တောင်သူလယ်သမားတွေအတွက် အဆင်ပြေခဲ့ပါတယ်။ ဒါ့ကြောင့် အခုလိုဆောင်ရွက်ပေးကြတဲ့ ဒေသဆိုင်ရာ လူကြီးတွေရော ကုမ္ပဏီကိုပါ အများကြီးပဲ ကျေးဇူးတင်ပါတယ်” ဟု ဧရာဝတီသားပီပီ ရိုးရိုးရှင်းရှင်း ဖွင့်ဟခဲ့သည်။

“တောင်သူလယ်သမားများ၏ လူနေမှုဘဝများ ယခုထက် ပိုမိုမြင့်မားဖို့ရည်ရွယ်”

ဦးချစ်ခိုင်၊ ဥက္ကဋ္ဌ
Gold Delta Co.,Ltd.

နောက်တစ်ဦးဆီသို့ ခြေဦးလှည့်ခဲ့ကြပြန်ပါသည်။

“ကျွန်တော့်အမည်က ဦးမျိုးညွန့်ပါ။ အုန်းပင်ကွင်းကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာမှာ နေပါတယ်။ မတ်ပဲစိုက်ဖို့အတွက် ထောက်ပံ့ငွေ လာယူတာပါ။ တစ်ဧက ကျပ် ၃၀၀၀၀ နှုန်းနဲ့ ၁၃ ဧကအတွက် ကျပ် ၃၉၀၀၀၀ ရယူပါတယ်” ဟု ရှင်းပြလာသည်။

ကုမ္ပဏီ၏ ပံ့ပိုးမှုကြောင့် တိုးတက်မှုအခြေအနေကို မေးကြည့်ရာ “ကျွန်တော်တို့ တောင်သူတွေအနေနဲ့ စိုက်နည်းစနစ်နဲ့ မျိုးပြောင်းလဲပေးမှုကြောင့် အရည်အသွေးနဲ့ အထွက်နှုန်း အများကြီး တိုးတက်လာခဲ့ပါတယ်။ မျိုးအစားပြန်သွင်းရတဲ့အခါမှာလဲ ယူထားတဲ့မျိုးဧကကိုသာ ပြန်သွင်းရပါတယ်။ ပိုတဲ့မျိုးစပါးအားလုံးကို တောင်သူက ပြန်ရပါတယ်။ ကျွန်တော်တို့နဲ့ ကုမ္ပဏီကြားမှာ ဘာအနှောင်အဖွဲ့မှ မရှိတာကို လက်တွေ့သိခဲ့ရပါတယ်။ ဒါကြောင့် စိုက်သလောက်အကျိုးကို ကျွန်တော်တို့ တောင်သူလယ်သမားတွေ ခံစားရပါပြီ” ဟု ပွင့်လင်းစွာ ရှင်းပြပါသည်။

ကြေးမုံသတင်းအဖွဲ့လည်း ဘောလုံးကွင်းထောင့်တွင် လူများစုဝေးနေသည့်နေရာသို့ ရောက်ခဲ့ကြပြန်ပါသည်။ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ယာသုံးထွန်စက်ကြီးများကို တသီတတန်းကြီး မြင်တွေ့လိုက်ရသည်။ လယ်ယာဦးကြီးများကိုယ်တိုင် စက်များပေါ်တွင် တက်ထိုင်၍ ကြည့်ရှုစမ်းသပ်နေကြသည်။ ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများနှင့် ညှိနှိုင်း၍ ကျပ်သိန်း ၉၀၀ ကျော်ဖိုးအား အရစ်ကျ ပေးချေစနစ်ဖြင့် ရောင်းချထားပြီးကြောင်း သိရသည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍအား လက်မှုလယ်ယာမှသည် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနေသော ကာလဖြစ်ရာ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက ပူးပေါင်းလက်တွဲဆောင်ရွက်လာမှုကြောင့် အရည်အသွေး မြင့်မားသော ဆန်စပါးနှင့် ပဲများ ထွက်ရှိလာပြီး နိုင်ငံတကာတန်းဝင် ဆန်နှင့် ပဲများ ထုတ်လုပ်လာနိုင်မှုကြောင့် တောင်သူလယ်သမားများ၏ဘဝသည် မကြာမီ ရေမြင့်ကြာတင့်ပမာ တိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတော့သည်။ ။

ကုမ္ပဏီ မျိုးသန့်စပါးပံ့ပိုးမှုနှင့် အောင်မြင် ဖြစ်ထွန်းနေသော တောင်သူ ဦးအောင်ငွေ၏ မျိုးစေ့ထုတ်စိုက်ကွင်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဌမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဌမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ သက်ဆိုင်ရာနွယ်သောဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဌမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၏ သုတေသနညီလာခံကို ၂၀၀၀ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် အဌမအကြိမ်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ သုတေသနညီလာခံကျင်းပ၍ တွေ့ရှိလာသည့် သုတေသနရလဒ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့်အပြင် ဝန်ကြီးဌာန အသီးသီး၌ရှိသည့် သုတေသနဌာနများ၊ တက္ကသိုလ်များမှ ဆောင်ရွက်တွေ့ရှိထားသော သုတေသနရလဒ်များသည်လည်း လယ်ယာ၊ သစ်တော၊ သားငါးကဏ္ဍအသီးသီး၌ လက်တွေ့အသုံးချနိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ရပါကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများက စုစုပေါင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၏ ၄၂ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်း ပါဝင်နေသဖြင့် မြန်မာ့စီးပွားရေးတွင် အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း သိသာထင်ရှားလျက်ရှိကြောင်း။

အဖိုးတန်သယံဇာတများပေါကြွယ်ဝလှသည့် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့စွာ အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အပိုအလျှံများကို ပြည်ပတင်ပို့ရောင်းချနိုင်ရေး ဦးတည်ကြိုးပမ်းရာတွင် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေး၊ ဈေးကွက်တိုးတက်ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးတက်မြင့်မားလာရေးနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤနေရာ၌ ပညာရပ်ဆိုင်ရာအလိုက် အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြသည့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် အလွန်အရေးပါသည်ဆိုသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍ၏ ဖွံ့ဖြိုးမှုအခြေခံဖြစ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခိုင်မာသည့်"အမျိုးသားစိုက်ပျိုးရေးသုတေသနစနစ်(NARS)"ထူထောင်ပြီး ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း၊ သို့မှသာ သုတေသီများ၊ တိုးချဲ့ပညာပေးဝန်ထမ်းများ၊ တောင်သူများနှင့် အဆင့်ဆင့်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် ကွင်းဆက်များတွင် ပါဝင်နေကြသူအားလုံး အချိတ်အဆက်မိမိဖြင့် ထိရောက်ကောင်းမွန်သည့် သုတေသနရလဒ်များ ဖော်ထုတ်အသုံးချ၍ ပြည်တွင်းရော ပြည်ပမှာပါ ယှဉ်ပြိုင်နိုင်စွမ်း အပြည့်ရှိသည့် လယ်ယာ၊ သားငါး၊ သစ်တောထွက်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ကြမည်ဖြစ်ကြောင်း။

ဤသုတေသနညီလာခံ၌ သုတေသနစာတမ်းများကို တင်ပြဆွေးနွေးနေကြရုံဖြင့် မပြီးဘဲ တစ်ဆင့်တက်ပြီး ရလဒ်များကို လက်တွေ့အသုံးချနိုင်ရန်အတွက် ကြိုးပမ်းကြရန်လည်း တိုက်တွန်းလိုကြောင်း။

လက်ရှိတွင် ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ ပုဂ္ဂလိကကဏ္ဍကလည်း သူတို့၏ ထုတ်ကုန်ဝယ်လိုအား မြင့်မားစေရန် စိုက်ပျိုးထုတ်လုပ်သည့် နေရာများအရောက် လက်တွေ့သရုပ်ပြမှုများ၊ ပညာပေးမှုများဖြင့် စည်းရုံးဆွဲဆောင်လျက်ရှိကြောင်း။ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအနေဖြင့် မိမိတို့ရရှိထားသည့် သုတေသနရလဒ်များ၊ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကိုအပြန်အလှန်ဖလှယ်ခြင်း၊ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားကြမှသာ သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

သုတေသန တွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် အောင်မြင်စွာ အသုံးချနိုင်ရေးအတွက် မိမိကဏ္ဍအလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ကြမှ ရလဒ်အခြေခံ သုတေသန (Result-oriented) များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများက တွေ့ရှိဖြန့်ဖြူးပေးလိုက်သည့် သုတေသနတွေ့ရှိချက် ရလဒ်များကို လက်တွေ့နယ်ပယ်တွင်အသုံးပြုရင်းဖြင့် တွေ့ကြုံရသော အခက်အခဲ၊ အဆိုးအကောင်းများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော အဓိကသီးနှံဆယ်မျိုး၏ ပန်းတိုင်အထွက်နှုန်းများ ရရှိနိုင်မည့် အထွက်ကောင်းမျိုးများ ထုတ်လုပ်နိုင်ရေး၊ မြေ၊ ရေသယံဇာတများ အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရေး၊ ခေတ်မီ စိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းရေး၊ မြေပြုပြင်သည်မှ ရိတ်သိမ်းချိန်လွန်ကာလအထိ ထိရောက်သည့် နည်းပညာများ အသုံးချနိုင်ရေး၊ သီးနှံအထွက်ကို တိုးတက်စေသကဲ့သို့ သီးနှံအရည်အသွေးကိုလည်း မြင့်မားလာစေပြီး ထာဝစဉ်တည်တံ့သော စိုက်ပျိုးရေးစနစ်ကိုဖော်ထုတ်နိုင်မည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောကဏ္ဍ အနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေမြေ ရာသီဥတု သဘာဝမျှတဖို့အတွက် သစ်တောသယံဇာတများ စနစ်တကျ ထုတ်လုပ်/ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲများ မပျက်သုဉ်းအောင် ပြုစုထိန်းသိမ်းရေး၊ ဂေဟစနစ် တည်တံ့ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နေခြင်းသည် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် အမွေအနှစ်အဖြစ်သာမက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများ မပျက်သုဉ်းရေး၊ သဘာဝသစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ ပိုင်ဆိုင်သည့် သစ်တောများထူထောင်ရေး၊ တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး၊ ဒီရေတောများ ပြန်လည်တည်ထောင်ရေး၊ ကာကွယ်ရေးနှင့် စနစ်တကျအသုံးပြုရေး၊ အသုံးချသုတေသနလုပ်ငန်းများကို မျက်ခြည်မပြတ် တိုးတက်အောင် ဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း။

မွေးမြူရေးကဏ္ဍ အနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ ပွားများရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများတိုးတက်လာရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသယံဇာတများ ဆုတ်ယုတ်မှုကိုလည်း စောင့်ကြည့်လေ့လာပြီး သင့်လျော်သည့်နည်းလမ်းများ ချမှတ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အကြံပြု စီမံဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ သုတေသီများကို မှာကြားလိုကြောင်း။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်စေရန် ပညာရှင်များ၏ အရည်အသွေးနှင့် ခေတ်မီနည်းပညာ စွမ်းအားတို့ ပေါင်းစပ်ပြီး သုတေသနပြုလုပ်မှုနှင့် အတူ ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်မှုသည် ပုဂ္ဂလိကအခန်းကဏ္ဍက တက်ကြွစွာပါဝင်ပြီး နိုင်ငံတော်၏ အားပေးကူညီမှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် မိမိတို့နယ်ပယ်အလိုက် ကျရာအခန်းကဏ္ဍမှ နိုင်ငံအတွက် ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြရာတွင်

- နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ့ရိက္ခာ ဖူလုံရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးန္တရာယ်ကင်းရှင်းသည့်စားနပ်ရိက္ခာထုတ်လုပ်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရုက္ခနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ဂေဟစနစ် မပျက်ယွင်းအောင် ထိန်းသိမ်းကာကွယ်ရေး စသည့် လုပ်ငန်းများ၌ အရည်အသွေးမြင့်မားသည့် နည်းပညာများကို ကဏ္ဍအလိုက် လိုက်လျောညီစွာ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- နိုင်ငံတော်၏ လယ်ယာ၊ သားငါးနှင့် သစ်တော သယံဇာတများကို ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် အကျိုးရှိရှိ ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- အသိပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် အစီအမံများ စနစ်တကျချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- အမျိုးသားအကျိုးစီးပွားအတွက် ရှေးရှုပြီး စဉ်ဆက်မပြတ် ကြံဆတွေးတောတီထွင် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးများ၊ ပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့က ပြသထားသည့် သုတေသနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် ကဏ္ဍအလိုက် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သုတေသနစာတမ်း ၁၉စောင်ကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၌လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ သုတေသနစာတမ်း ၁၇ စောင်ကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန၌လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ သုတေသနစာတမ်း ၁၈ စောင်ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အဆိုပါ သုတေသနညီလာခံ၏ စာတမ်းဖတ်ပွဲများကို ဒီဇင်ဘာ ၉ ရက်အထိ သတ်မှတ်နေရာ အသီးသီး၌ နေ့စဉ် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သစ်တောကဏ္ဍဆိုင်ရာ အဌမအကြိမ် နှစ်ပတ်လည်ညီလာခံ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထက(၁) ဘားအံ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၇

ဘားအံမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီခွဲတွင် ဘားအံ အထက(၁) မြသံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများနှင့် စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့်အလှူငွေများကို ဦးငွေစိုး ဖုန်း-၀၅၈-၂၁၃၇၂၊ ဦးအောင်သန်း ဖုန်း-၀၅၈-၂၁၆၄၇၊ ဦးအောင်ပိုက် ဖုန်း-၀၅၈-၂၁၃၆၇၊ ၀၉-၅၆၆၀၇၁၆၊ ဒေါ်နန်းလှယဉ်မေ (ကျောင်းအုပ်ကြီး)ဖုန်း-၀၅၈-၂၁၀၅၅၊ ဗိုလ်မှူးအောင်ဆန်း(ရေ-ငြိမ်း) ဖုန်း-၀၉-၅၁၇၄၀၅၈၊ စောကျင်ပိုင် ဖုန်း-၀၉-၅၀၁၀၂၂၈၊ ဦးသန်းရွှေ ဖုန်း-၀၁-၅၄၈၂၀၉၊ ဦးဉာဏ်ဝင်း ဖုန်း- ၀၉-၅၀၃၁၁၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်မှ လိုက်ပါမည့်သူများအတွက် အထူး ယာဉ်များ စီစဉ်ထားပါသဖြင့် ဇန်နဝါရီ ၃ရက် နံနက် ၆နာရီအရောက် ရွှေဖားစည်ကားဂိတ်(အောင်မင်္ဂလာ အဝေးပြေးကားဝင်း) သို့ လာရောက်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆ လမ်းနေ ဦးမောင်မောင်စိန် (မန်နေဂျင်းဒါရိုက်တာ၊ ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေး)က နှင်းဆီကုန်းဘိုးဘွားရိပ်သာ လေးထပ်ဆောင်သစ်အတွက် အလှူငွေနှင့် ဂရိတ်ဝေါမှထုတ်လုပ်သော ဆေးဝါးများ စုစုပေါင်းတန်ဖိုး ကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၁)ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၀၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနှင့် ဒီပလိုမာ စာရင်းကိုင်သင်တန်းကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

☆ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်း သားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

"မိုင်းရယ်မြို့နယ်ရဲ့ အဓိကလုပ်ငန်းက လယ်ယာလုပ်ငန်းပါပဲ"

ဦးမြင့်တင်

(ဥက္ကဋ္ဌ၊ မိုင်းရယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)

မိုင်းရယ်မြို့နယ်ရှိ မြေဧရိယာ ၅၃၃၂၄၅ ဧကအနက် အသားတင်စိုက်ဧက ၇၇၂၀၀၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၁၉၆၀၉ ဧက၊ မြေရိုင်း ၁၃၅၄၂၅ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သော မြေ ၆၁၃၇၁ ဧက ဖြစ်သည်။ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံနှင့် ကြံတို့ကို အဓိက စိုက်ပျိုးပြီး အမယ်သစ်သီးနှံအဖြစ် ကော်ဖီနှင့် လက်ဖက်ကို စိုက်ပျိုးကြသည်။

သဘာဝပေါက်ပင်များအဖြစ် ကရဝေး၊ ဖန်ခါး၊ ဆီးဖြူ သစ်မွှေး၊ ငု၊ ကျွန်း၊ ယမနေ၊ အင်ကြင်း၊ စကားစိမ်းနှင့် မျိုးခြားသစ်များပေါက်ရောက်သည်။ သဘာဝ နမ့်ဟချောင်းတို့သည် မြို့နယ်၏ ရေအရင်းအမြစ်များပင်ဖြစ်သည်။

မိုင်းရယ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၂၉၀၂ ပေတွင် တည်ရှိပြီး ရာသီဥတုသင့်တင့်မျှတကောင်းမွန်သည်။ အမြင့်ဆုံးအပူချိန် ၉၅ ဒီဂရီ ဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန် ၃၈ ဒီဂရီ ဖာရင်ဟိုက်ဖြစ်ပြီး ပျမ်းမျှမိုးရေချိန် ၅၇ လက်မ ရွာသွန်းသည်။

မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ခေတ်မီကိရိယာများဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်ကို တွေ့ရစဉ်။

❖**ကျောဖုံးမှ**

ယာဉ်ငယ်ငွေကျပ် ၂၀၀၀ ယူကြပါတယ်"ဟု ပြောကြားသည်။

မိုင်းရယ်မြို့နယ်သည် လားရှိုး-တန့်ယန်းလမ်းပေါ်တွင် တည်ရှိခြင်း မဟုတ်ဘဲ သီးခြားတည်ရှိနေခြင်းဖြစ်၍ လားရှိုးဘက်မှလာလျှင် ဟိုပင်ကျေးရွာ အလွန်လမ်းဆုံမှ သုံးမိုင်ခန့်သွားမှသာ မိုင်းရယ်မြို့သို့ ရောက်ရှိလေသည်။ မိုင်းရယ်မြို့သည် မြို့ကွက်မကျယ်လှသော်လည်း လူနေအိမ်နှင့် လမ်းများမှာ သန့်ရှင်းသပ်ရပ်ကောင်းမွန်၍ နေချင့်စဖွယ်ပင်ဖြစ်သည်။

နှုန်းကောင်းမွန်၍ ဒေသဝမ်းစာဖူလုံ ပိုလျှံကြသည်။

မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံကို ဝင်ရောက်လေ့လာဖြစ်ရာ သန့်ရှင်းသပ်ရပ်ပြီး သွားစိုက်ခုံ၊ ဓာတ်မှန်ခန်း၊ သွေးတိတ်စက်၊ ချွဲစုပ်စက်၊ မီးစက်တို့ဖြင့် ပြည့်စုံစွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်ကိုတွေ့ရသည်။ မြို့ကျက်သရေဆောင် မဟာမုနိစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကိုလည်း ဝင်ရောက်လေ့လာဖြစ်သည်။

ကိုဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

မိုင်းရယ်မြို့ကလေးမှ ပြန်လည်ထွက်ခွာလာသောအခါ မိုးစဲသွားပြီဖြစ်၍ ကောင်းကင်မှာ ပြန်လည်ကြည်လင်ကာ နေခြည်အလင်းတန်းများ ဖြာကျနေလေသည်။ မိုင်းရယ်မြို့အထွက်ရှိ ရှုမဆုံးသော စိမ်းမြမြ စပါးခင်းများ၊ အဝေးဆီက သစ်ပင်များ၊ အုံ့ဆိုင်းနေသော တောင်စွယ် တောင်တန်းကြီးများသည် ဆည်းဆာချိန်တွင် ပန်းရကာလှချင်တိုင်း လှနေပါတော့သည်။ ။

မိုင်းရယ်မြို့မှ ကျေးသီးမြို့ဘက်သို့ အထွက် လမ်းဘေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး တစ်ဧက တင်း ၂၅၀ ထွက် ၁၀ ဧက စံပြကွက်ကို တွေ့ရစဉ်။

မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်တင်၏ ခေါင်ဆောင်မှုဖြင့် မိုင်းရယ်မြို့မှ ကျေးသီးမြို့ဘက်သို့အထွက် လမ်းဘေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး တစ်ဧက တင်း ၂၅၀ထွက် ၁၀ ဧက စံပြကွက်ကို ကြည့်ရှုလေ့လာခဲ့ရသည်။ ကားလမ်းဘေးမှ တောင်ခြေအထိ စိမ်းရောင်စိုလယ်ကွင်းပြင်တပြန့်တပြူးကို ကြည့်ရှုရသည်မှာ အားရရွှင်လန်းဖွယ်ကောင်းလေစွ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များသည် ဆင်းရွှေလီစပါးမျိုးကို အဓိကစိုက်ပျိုးကြပြီး တစ်ဧက အထွက်

မိုင်းရယ်မြို့နယ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုး-ကျေးသီး-လွယ်လင် လမ်းမကြီးပေါ်တွင် တည်ရှိသည်။ မြောက်ဘက်တွင် လားရှိုးမြို့နယ်၊ အရှေ့ဘက်တွင် တန့်ယန်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်၊ အနောက်ဘက်တွင် သီပေါမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

မိုင်းရယ်မြို့နယ်သည် အကျယ်အဝန်း အားဖြင့် အရှေ့နှင့် အနောက် ၄၄ မိုင်ခန့်၊ တောင်နှင့်မြောက် ၄၈ မိုင်ခန့် စုစုပေါင်း ၈၃၃ ဒသမ ၁၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ မိုင်းရယ်မြို့နယ်ကို ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာ ၂၄၃ ရွာ၊ ကျေးရွာအုပ်စု ၂၅ အုပ်စုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ စုစုပေါင်း ၄၂၄၀၇ ဦးနေထိုင်ကြသည်။

တောရိုင်းတိရစ္ဆာန်များအဖြစ် ဒရယ်၊ ချေ ဝက်၊ ဆတ်၊ တောခွေး၊ ခွေးအ၊ မျောက်နှင့် ဒေါင်းတို့ကို တွေ့ရှိရသည်။ စိုက်ပျိုးရေးနှင့်တွဲဖက်၍ ကျွဲ၊ နွား၊ မြင်း၊ ကြက်၊ ဘဲတို့ကို မွေးမြူကြသည်။

မိုင်းရယ်မြို့နယ်အတွင်း အင်း၊ အိုင်ကြီးများမရှိဘဲ မြို့ပေါ်တွင် ကန်ငယ် လေးကန်နှင့် အခြားကျေးရွာအုပ်စုများတွင် ကန်ငယ်လေးများရှိကြသည်။တောင်ကုန်းနှင့် မြေပြန့်ရောစပ်လျက်ရှိ၍ သဘာဝ တောတောင်ရှုခင်း အလှအပတို့မှာ ကြည့်လေရာရာ မြင်တွေ့နိုင်လေသည်။

မြို့နယ်အတွင်း မြစ်ကြီးများမရှိဘဲ ချောင်းငယ်လေးများသာရှိပြီး မြို့နယ်အတွင်း အရှေ့ဘက်မှ အနောက်တောင်ဘက် ယွန်းယွန်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။နမ့်ရယ်ချောင်း၊ နမ့်လောင်းချောင်း၊ နမ္မချောင်း၊ နမ့်ကောင်းချောင်းနှင့်

ဒေသတွင်း ကုန်းလမ်းပို့ဆောင်ရေးကိုသာ အဓိက အားထားအသုံးပြုကြရာ မိုင်းရယ်-လားရှိုးခရီးသည်တင် မှန်လုံယာဉ်အသင်း တစ်သင်း၊ မိုင်းရယ်-လားရှိုးအမြန်ယာဉ် အသင်းနှစ်သင်း၊ ပုဂ္ဂလိက ကုန်တင်ယာဉ်ငါးစီး၊ ပုဂ္ဂလိက ကုန်ပို့ယာဉ် ၁၀စီးတို့ဖြင့် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ပုဂ္ဂလိက ဆန်စက် ၃၁ ခုနှင့် ပုဂ္ဂလိက ဆီစက် လေးခုရှိသည်။

မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် မြို့၊ ရွာချင်းဆက်လမ်းများအဖြစ် မယ်ဟန်- မိုင်းရယ်-ကျေးသီးလမ်း ၄၇ မိုင် ၆ ဖာလုံ၊ ဟိုပင်-တန့်ယန်းလမ်း ၇ မိုင် ၄ ဖာလုံ၊ ပန်ညု-ဆောင်ကြံ-မိုင်းရယ်လမ်း ၁၈ မိုင်၊ မန်ပုံ-မိုင်းကောင်လမ်း ၂၇မိုင်တို့ကို ဖောက်လုပ်ပေးထားပြီးဖြစ်သည်။

မိုင်းရယ်မြို့နယ်အတွင်း အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၁၀ ကျောင်း၊ အခြေခံမူလတန်းကျောင်း ၃၇ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မိုင်းရယ်မြို့နယ်အတွင်း ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတစ်ခု၊ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲကိုးခု၊ အထူးဒေသ ဆေးခန်းနှစ်ခု၊ သံဃာ့ဆေးရုံတစ်ရုံတို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၂-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ပညာဉာဏ်ကြီးမားအောင် ဘယ်လိုအားထုတ်ရမလဲ" တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၆း၃၅	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Steel Dragon Stainless Steel အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနား)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၂၀)**
၈း၃၀	Sports World (Planet Speed)
၈း၅၅	Activities In The City (သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်သော အခမ်းအနား)
၉း၀၅	ပျော်ဘွယ်မြို့ရဲ့တန်ဆောင်ခါ ဒါနပန်းတွေဝေဝေဆာ
၉း၂၀	Sunday Talk
၁၀း၂၅	ဘက်စုံပြင်ဆင်နေမှုများ--- ရွှေဆံတော်ဘုရားဝေနေယျများ ကုသိုလ်ပွား
၁၀း၄၀	ပတ်ဝန်းကျင်သစ်၏အလှပဆုံး လူနေမှုစနစ်
၁၀း၅၀	Cartoon Show Time (UP)
၁၁း၃၀	ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
၁၁း၅၀	English Language Competition (Part-1)(Basic)
၁၂း၁၀	Music Talk (သီတာရတနာ)
၁၂း၂၀	PEACE OF MIND (စိတ်ငြိမ်အေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၂း၄၅	စက်မှုကုန်ကြမ်းသီးနှံပီလောပီနံ
၁း၀၀	Fashion Music Festival [Hair Fashion (1)]
၁း၅၀	**(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့်ဗီယက်နမ်)**
၃း၂၅	Activities In The City (သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်သော အခမ်းအနား)
၃း၃၅	ဘက်စုံပြင်ဆင်နေမှုများ- ရွှေဆံတော်ဘုရားဝေနေယျများ ကုသိုလ်ပွား
၃း၅၀	ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
၄း၁၀	World of Knowledge (Funniest Animal)
၄း၃၅	ပျော်ဘွယ်မြို့ရဲ့တန်ဆောင်ခါ ဒါနပန်းတွေဝေဝေဆာ
၄း၅၀	ပတ်ဝန်းကျင်သစ်၏အလှပဆုံး လူနေမှုစနစ်
၅း၀၀	Celebrity Style (အဆိုတော်သံသာဝင်းနှင့် တွေ့ဆုံခြင်း)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Cartoon Show Time(UP)
၇း၀၀	Fashion Music Festival [Hair Fashion(1)]
၇း၃၀	Celebrity Style (အဆိုတော်သံသာဝင်းနှင့် တွေ့ဆုံခြင်း)
၈း၀၀	MRTV-4 သတင်း
၈း၃၀	အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၁)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၂၀)**
၁၀း၀၀	ဈေးဝယ်လမ်းညွှန် (Green Elephant House)
၁၀း၁၅	သင်ကြားရေးလမ်းညွှန် (EAC စားသောက်ကုန်နှင့် အလှကုန်နည်းပညာသင်တန်း)
၁၀း၃၀	ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel)
၁၁း၀၅	သွေးကင်ဆာရောဂါနှင့် အနာဂတ်ဆေးပညာ
၁၁း၂၅	လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
၁၁း၄၀	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၁း၄၅	PEACE OF MIND (စိတ်ငြိမ်အေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၁း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(8-12)10.pmd 1 12/8/2009, 2:11 AM

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီသရေဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် အလှူငွေ ပေးအပ်

ထားဝယ် ဒီဇင်ဘာ ၇

နိုင်ငံတော်ခွင့်ပြုငွေဖြင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေလှူဒါန်းပွဲ အခမ်းအနားကို ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ဇဟာကျေးရွာ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မှ လှူဒါန်းငွေကို ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးထွန်းမြင့်က ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးနိုင်က လက်ခံရယူသည်။**(အပေါ်ဓါတ်ပုံ)** ထို့နောက် ကျေးရွာလူထုမှ လှူဒါန်းငွေကို ရပ်မိရပ်ဖဖြစ်သူ ဦးမောင်ဝက လှူဒါန်းရာ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဌ ဒေါ်မိုးဝါနှင့် အတွင်းရေးမှူး ဦးတင့်လွင်တို့က လက်ခံသည်။

(ခရိုင် ပြန်/ဆက်)

ဆီးဂိမ်း ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များတွင် စင်ကာပူနှင့် အိမ်ရှင်လာအိုအသင်းတို့ နိုင်ပွဲများရရှိ

ဗီယန်ကျင်း ဒီဇင်ဘာ ၇

သတင်းနှင့် ဓာတ်ပုံ
စိုးညွှန့်(ကြေးမုံ)
ခေတ္တ - ဗီယန်ကျင်း

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသား ယူ-၂၃ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက လာအိုနိုင်ငံ ဗီယန်ကျန်းမြို့ Main Stadium ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၃ အသင်းမှာ စင်ကာပူ ယူ-၂၃ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

စင်ကာပူအသင်း - နှစ်ဂိုး
မြန်မာအသင်း - တစ်ဂိုး

အုပ်စုအဖွင့်ပွဲစဉ်တွင် အိမ်ရှင်လာအိုအသင်းကို ဦးဆောင်ဂိုးသွင်းပြီးမှ သရေ တစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည့် မြန်မာ ယူ-၂၃ အသင်းမှာ ယခု ဒုတိယပွဲစဉ်တွင်လည်း စင်ကာပူအသင်းကို ရှုံးနိမ့်ခဲ့၍ အုပ်စုတက်ရေး အခွင့်အလမ်းနည်းသွားခဲ့ရသည်။ လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် စင်ကာပူအသင်း၏ ကစားပုံမှာ သာမန်သာရှိသော်လည်း မြန်မာအသင်း၏ အမြင့်ဘောဖျက်ထုတ်ရာ၌ အားနည်းမှုကို အခွင့်ကောင်းယူ၍ ထောင့်ကန်ဘောများမှတစ်ဆင့် ခေါင်းတိုက်ဂိုးများ သွင်းယူကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လာအိုနှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းထဲမှ အေးဆန်း နေရာတွင် မင်းမင်းသူ၊ ထွန်းထွန်းဝင်းနေရာတွင် အောင်မြင့်အေးတို့နှစ်ဦးကိုသာ အပြောင်းအလဲလုပ်ကာ စင်ကာပူကို မြန်မာအသင်း ရင်ဆိုင်ခဲ့သည်။ ပွဲအစပိုင်းတွင် ပိုင်စိုးနှင့် အောင်မြင့်အေးတို့၏ တောင်ပံနှစ်ဖက်မှာ စင်ကာပူခံစစ်ကို အလုပ်ပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကစားကွက်ပျက်ပြီး တိုက်စစ်အား ပျော့ခဲ့ရသည်။ ၁၀ မိနစ် နောက်ပိုင်းတွင် စင်ကာပူကစားပုံ အချိတ်အဆက်မိလာပြီး ဘယ်ထောင့်ကန်ဘောမှတစ်ဆင့် ၁၃ မိနစ်တွင် ဆာပူဝမ်က ပထမဂိုး၊ ၂၈ မိနစ်တွင် ဟာရစ်က ဒုတိယဂိုးတို့ကို လွတ်လွတ်ကျွတ်ကျွတ် ခေါင်းတိုက်ပြီး သွင်းယူသွားခဲ့သည်။ ပထမပိုင်းတွင် ပိုင်စိုးနှင့်ကျော်သီဟတို့ အပိုင်ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ဒုတိယပွဲစဉ်တွင် အိမ်ရှင်လာအိုအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယနေ့ပွဲစဉ်အပြီးတွင် လာအိုအသင်းနှင့် စင်ကာပူအသင်းတို့ နှစ်ပွဲကစား လေးမှတ်စီရရှိထားပြီး အုပ်စုတက်ရန် အလားအလာကောင်းနေကာ မြန်မာနှင့် အင်ဒိုနီးရှားတို့မှာ တစ်မှတ်စီ ရရှိထားသည်။ အုပ်စုနောက်ဆုံးပွဲတွင် လာအိုနှင့် စင်ကာပူတို့ သရေကျခဲ့ပါက နှစ်သင်းစလုံး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားမည်ဖြစ်ပြီး အရှုံး၊ အနိုင်ပေါ်မှသာ မြန်မာ-အင်ဒိုနီးရှားတို့ပွဲမှ အနိုင်ရသော အသင်းမှာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာအသင်းမှ မင်းမင်းသူအား စင်ကာပူနောက်ခံလူများ ထိန်းကပ်ကစားနေစဉ်။

CONCORDIA Int'l Co., Ltd. မှ GPS Directory လမ်းညွှန်စနစ် ကြော်ငြာထည့်သွင်းခြင်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

CONCORDIA Int'l Co., Ltd. က GPS Directory လမ်းညွှန်စနစ် ကြော်ငြာထည့်သွင်းခြင်း မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံပလာဇာရှိ CONCORDIA Int'l Co., Ltd. ရုံးခန်း၌ ကျင်းပသည်။

CONCORDIA Int'l Co., Ltd. သည် ၂၀၀၄ ခုနှစ်မှစ၍ GPSများအတွင်း မြေပုံများထည့်သွင်းပေးခြင်းလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ယနေ့ခေတ်တွင် ရေပန်းစားလူကြိုက်များနေသော GPS များကို ခရီးသွားလုပ်ငန်း၊ ဖြန့်ချိရေးလုပ်ငန်း၊ မြေတိုင်းတာခြင်းလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများတွင် အသုံးများလာနေပြီဖြစ်သည်။ GPS လမ်းညွှန်စနစ်ဖြင့် မြေပုံတွင် မိမိသိလို၊ သွားလိုသောနေရာများသို့ သိနိုင်၊ သွားလာနိုင်ပြီး လက်ကိုင်ဖုန်းများတွင်လည်း ယင်းမြေပုံများ ထည့်သွင်းအသုံးပြုနေကြပြီဖြစ်သည်။

ကုမ္ပဏီလုပ်ငန်းများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ဆေးရုံများ၊ ကားပစ္စည်းများ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ စသည့် လုပ်ငန်းများ အောင်မြင်တိုးတက်မှုရရှိစေရန် GPS Directory လမ်းညွှန်စနစ်တွင် လုပ်ငန်းတည်နေရာနှင့် လုပ်ငန်းအမျိုးအစား၊ ရောင်းချမည့်ပစ္စည်းအမျိုးအစား၊ ဆက်သွယ်ရန်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ထည့်သွင်းကြော်ငြာနိုင်ကြောင်းနှင့် ဖိတ်ခေါ်ကာလမှာ ဒီဇင်ဘာ ၉ ရက်မှ ၃၁ ရက်အတွင်း သတ်မှတ်ထားပြီး ယင်းကာလအတွင်း ကြော်ငြာထည့်ဝင်သူများအား ၂၀၁၀ တစ်နှစ်စာ အခမဲ့ ကြော်ငြာခွင့် ရရှိမည်ဖြစ်သည်။

GPS Directory လမ်းညွှန်စနစ်တွင် ကြော်ငြာခြင်းဖြင့် မိမိတို့ဆိုင်လုပ်ငန်းများ၏ တည်နေရာကို GPS များ၊ GPS စနစ်သုံး လက်ကိုင်ဖုန်းများဖြင့် အလွယ်တကူ ရှာဖွေဆက်သွယ်နိုင်မည် ဖြစ်သည်။

Google Earth မြေပုံတွင် မိမိလုပ်ငန်းတည်နေရာကို Point အတိအကျ သတ်မှတ်ကာ လုပ်ငန်းပုံစံလိပ်စာနှင့် အသေးစိတ်အချက်အလက်များ ရေးသား၍ E-mail: eng3concordia@myanmar.com.mm, concordiaygn@gmail.com သို့ ပေးပို့နိုင်သည်။

အသေးစိတ် အချက်အလက်များ သိရှိလိုပါက ရန်ကုန်ရုံး ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း - ၉၅၁-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၈၁၇၀၊ ၅၄၉၄၄၄၊ ၅၄၀၀၂၆၊ ၀၉-၅၀၀၅၉၁၂၊ Fax: ၉၅၁-၅၄၄၁၉၉၊ မန္တလေးရုံး အမှတ် ၅(မြေညီထပ်) SY အဆောက်အအုံ လမ်း ၃၀ (၇၇လမ်းနှင့် ၇၈လမ်း) ချမ်းအေးသာစံ ဖုန်း-၀၂ ၃၆၄၇၈၊ ၀၉-၅၀၆၇၁၇၂၊ ၆၉၃၀၃၊ Fax: ၀၂-၃၆၄၇၈၊ E-mail: cilmdy@myanmar.com.mm၊ နေပြည်တော် အမှတ် (၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၀၉၊ ၄၂၁၃၆၂၊ E-mail:win. cil@mptmail.net.mm nptconcordia3branch@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အုပ်စုဗိုလ်ရရေး၊ အုပ်စုတက်ရေးနှင့် ယူရိုပါလိဂ်ဝင်ခွင့်ရရေး အဆုံးအဖြတ်ပေးတော့မည့် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ် ပထမနေ့ပွဲစဉ်များ

ဝင်းတင်(ကြေးမုံ)
အဆင်အပြင် - တင်ထွန်းတာ

၉-၁၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)
နံနက် ၂း၁၅ နာရီ

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ် ပထမနေ့ ပွဲစဉ်များမှာ အုပ်စုတက်ရေး အဆုံးအဖြတ်ပေးမယ့် ဂျူဗင်တပ်စ်နဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲ ပါဝင်နေသလို မာဆေးလ်နဲ့ ရီးယဲလ်မက်ဒရစ်တို့ပွဲကလည်း အကြိတ်အနယ် ရှိလာဦးမှာပါ။

အုပ်စု(က)

ဂျူဗင်တပ်စ် - ဘိုင်ယန်မြူးနစ် ။ ။ ဒီပွဲမှာ အိမ်ရှင်ဂျူဗင်တပ်စ် သရေရရုံနဲ့ နောက်တစ်ဆင့်တက်နိုင်မှာ ဖြစ်ပေမယ့် ဘိုင်ယန်မြူးနစ်ကတော့ အနိုင်ရမှ နောက်တစ်ဆင့်တက်နိုင်မှာပါ။ ဒါပေမယ့် လက်ရှိခြေစွမ်းပိုင်း အားရစရာမရှိတဲ့ ဘိုင်ယန်မြူးနစ်ဟာ လူစုံပြီး ခံစစ်လုံတဲ့ ဂျူဗင်တပ်စ်ကို ကျော်ဖြတ်ဖို့ဆိုတာတော့ စိန်ခေါ်မှုတစ်ရပ်ပါ၊ ဂျူဗင်တပ်စ် နောက်တစ်ဆင့်တက်ဖို့ ရာနှုန်းများပါတယ်။

မက္ကာဘီဟိုင်ဖာ - ဘော်ဒိုး ။ ။ ဘော်ဒိုးဟာ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်သွားပြီဖြစ်တာကြောင့် ဒီပွဲကို အာရုံစိုက်တော့မှာ မဟုတ်ပါဘူး။ မက္ကာဘီဟိုင်ဖာဟာ ဒီအုပ်စုရဲ့ အဖြည့်ခံသက်သက်ဆိုပေမယ့် အိမ်ကွင်းမှာ သိက္ခာပိုင်းအရ တင်ကစားလာမှာပါ။ ဒါကြောင့် ဒီပွဲမှာ ဧည့်သည် ဘော်ဒိုးကို မေ့ထားလိုက်ချင်ပါတယ်။

အုပ်စု(ခ)

ဝုဖ်ဘတ် - မန်ယူ ။ ။ အုပ်စုတက်သွားပြီဖြစ်တဲ့ မန်ယူအတွက် ဖိအားမရှိတော့ပေမယ့် ဝုဖ်ဘတ်အတွက်ကတော့ နောက်တစ်ဆင့်တက်ရေး မဖြစ်မနေ နိုင်ပွဲရှာရမှာပါ။ ဝုဖ်ဘတ်ဟာ အိမ်ရှင်အားသာချက်နဲ့အတူ ဂရာဖီတီ၊ ဒီဇီကိုတို့အားနဲ့ ဂိုးရဖို့ ကြိုးစားလာမှာပါ။ ဖရိုဖရဲ နိုင်လွန်းလှတဲ့ မန်ယူနောက်တန်းဟာ ဝုဖ်ဘတ်ရဲ့ တရစပ်ထိုးဖောက်တိုက်စစ်ဆင်လာမှုကို ကြာကြာတောင့်ခံနိုင်ဖွယ်မရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင် ဝုဖ်ဘတ်ကိုပဲ အနိုင်ပေးချင်ပါတယ်။

မန်ယူ နောက်တန်း အဓိကထား ထိန်းချုပ်ရမည့် ဝုဖ်ဘတ် ကစားသမား ဂရာဖီတီ။

ဘက်ဆစ်တပ် - CSKA မော်စကို ။ ။ ဘက်ဆစ်တပ် အုပ်စုမတက်နိုင်တော့ပေမယ့် CSKA ကတော့ ဒီပွဲနိုင်ရင် မျှော်လင့်ချက် ရှိနေပါသေးတယ်။ ဒါကြောင့် တူရကီမြေမှာ CSKA ခြေကုန်ထုတ်ရုန်းကန်လာမှာပါ။ ဘက်ဆစ်တပ် အိမ်ရှင်အားသာချက် ရှိတယ်ဆိုပေမယ့် CSKA ရဲ့ ပျော်ရွှင်မှုကိုပဲ မြင်ယောင်မိပါတယ်။

အုပ်စု(ဂ)

ဇူးရစ် - အေစီမီလန် ။ ။ ယူရိုပါလိဂ်ဝင်ခွင့်တောင်မရရှိတော့တဲ့ ဇူးရစ်ဟာ အိမ်ရှင်အားသာချက် တစ်ခုတည်းနဲ့ မဖြစ်မနေနိုင်ပွဲလိုအပ်နေတဲ့ အေစီမီလန်ကို အန်တုဖို့ဆိုတာ မလွယ်လှပါဘူး။ အေစီမီလန်အဝေးကွင်း သုံးမှတ်ရပြီး နောက်တစ်ဆင့် တက်သွားမှာပါ။

မာဆေးလ် - ရီးယဲလ်မက်ဒရစ် ။ ။ တတိယနေရာက မာဆေးလ်ဟာ ဒီပွဲကို အနိုင်ရမယ်ဆိုရင် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်နိုင်ပါသေးတယ်။ ဒါပေမယ့် လူစုံနေတဲ့ ရီးယဲလ်မက်ဒရစ်ကို သရေလောက်ပဲ ကစားနိုင်လိမ့်မယ်လို့ ယူဆရပါတယ်။

ရီးယဲလ်မက်ဒရစ်တွင် ပြန်လည်ပါဝင်လာမည့် တောင်ပံတိုက်စစ်မှူး စီရော်နယ်လ်ဒို။

အုပ်စု(ဃ)

ချယ်လ်ဆီး - နီကိုးရှား ။ ။ ချယ်လ်ဆီးဟာ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်သွားပါပြီ။ နီကိုးရှားကတော့ ယူရိုပါလိဂ် ဝင်ခွင့်ရရေးရုန်းကန်လာဦးမှာပါ။ ဒါပေမယ့် ကားလင်းဖလားပွဲနဲ့ ပရီမီယာလိဂ်မှာ နှစ်ပွဲဆက်တိုက်ရှုံးထားတဲ့ ချယ်လ်ဆီး သိက္ခာပြန်ဆယ်လာမှာဖြစ်တာကြောင့် အိမ်ရှင်အနိုင်ယူသွားမယ့်ပွဲပါ။

အက်သလက်တီကို - ပေါ်တို ။ ။ ပေါ်တို အုပ်စုတက်သွားပြီဖြစ်တာကြောင့် ဒီပွဲကို အားထည့်ကစားလာမှာ မဟုတ်တော့ပါဘူး။ အက်သလက်တီကိုကတော့ ယူရိုပါလိဂ်ဝင်ခွင့် သေချာစေရေး တင်ကစားလာမှာ ဖြစ်တာကြောင့် အိမ်ရှင်ကိုပဲ အားပေးချင်ပါတယ်။

တောင်ငူမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

တောင်ငူ ဒီဇင်ဘာ ၆

ပဲခူးတိုင်း တောင်ငူမြို့ ကေတုသစ္စာပဲမျိုးစုံ အထူးပြုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ပထမအကြိမ်အဖြစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက်တွင် တောင်ငူမြို့နယ် လဲဘူးကျေးရွာအုပ်စု ဓမ္မာရုံ၌လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဆူးတပ်ကျေးရွာအုပ်စု ဓမ္မာရုံ၌လည်းကောင်း ကျင်းပရာ အခမ်းအနားတွင် တိုင်းမန်နေဂျာ ဦးဝင်းအောင်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲဝင်းနှင့် ဦးကိုကိုကြီးတို့က နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ ရည်မှန်းချက်များနှင့် ချေးငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြပြီး လဲဘူးကျေးရွာအုပ်စုမှ မတ်ပဲစိုက်တောင်သူ ၁၂၇ ဦးတို့သို့ မတ်ပဲစိုက်ဧက ၁၁၀၀ ကျော်နှင့် ဆူးတပ်ကျေးရွာအုပ်စုက မတ်ပဲစိုက်တောင်သူ ၁၃၄ ဦးတို့သို့ မတ်ပဲစိုက်ဧက ၁၀၀၀အတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၄၁၀ နှင့် မြန်မာ့ဩဘာကုမ္ပဏီလီမိတက်မှ လယ်ယာသုံးဆေးပစ္စည်း ငွေကျပ် ၁၀သိန်းကျော်ဖိုး စုစုပေါင်း ငွေကျပ်သိန်း ၄၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၁၂၉)

ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်း၊ ရန်ကုန်တိုင်း MANA ဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းနှင့် တာဝန်ရှိသူများတက်ရောက်ပြီး မြို့နယ် MANA ဥက္ကဋ္ဌ ဒေါက်တာစောနိုင် အမှာစကား ပြောကြားစဉ်။

(၆၃)

မော်လမြိုင်ကျွန်း အထက(၁) အာစရိယပူဇော်မည်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၆

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင်အစိုးရ အထက်တန်းကျောင်း)၏ (၇၅) နှစ်ပြည့် စိန်ရတုပွဲတော်နှင့် (၂၅)နှစ်ပြည့်ငွေရတုအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၏ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မော်လမြိုင်ကျွန်းမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဒီဇင်ဘာ ၂၅ ရက်တွင် စိန်ရတုပွဲတော်ဖွင့်ပွဲ၊ ကျောင်းဆောင်သစ်ပန္နက်တင်ပွဲနှင့် စာပေနှင့် အားကစား၊ အဆိုပြိုင်ပွဲများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဒီဇင်ဘာ ၂၆ရက် နံနက်တွင် ဆောင်ရွက်ပေးမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြရန်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက် နံနက် ၇နာရီခွဲတွင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ဦးကိုကိုလွင်(ဥက္ကဋ္ဌ၊ ကျင်းပရေးကော်မတီ) ဖုန်း-၀၄၂-၅၀၅၆၆၊ ဦးအေးကြည်(ကျောင်းအုပ်ကြီး၊ အထက-၁) ဖုန်း-၀၄၂-၅၀၀၀၃ နှင့် ဦးလှစိုး (ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးကော်မတီ) ဖုန်း-၀၄၂-၅၀၂၁၃တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၃၆၄)

ကြက်ငှက်တုပ်ကွေး ရှာဖွေရေးလုပ်ငန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

မိတ္ထီလာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေ ဖော်ထုတ်ရေးလုပ်ငန်း ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် အဆိုပါ ဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာသောင်းထိုက်၊ မိတ္ထီလာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာမြတ်စံ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဘိုလှရီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မွေးမြူရေး လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး နှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြတ်စံတို့က ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေဖော်ထုတ်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

ဥတုရာသီ တောကိုမိုး၏

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (မြို့ပြ ငွေလုံး/ငွေရင်း)ဖြစ်သော စည်ပင်+ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပိတောက်လမ်း (၁၇၂၀ပေ×၈ပေ×၇ပေ)ကတ္တရာခင်းသည့် လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ (အငယ်တန်းအင်ဂျင်နီယာ-၂) ဒေါ်စန်းသီတာဦးက ရှင်းလင်းတင်ပြစဉ်။

(ကြေးမုံ)

ကြေးမုံ The Mirror

အမြို့မြို့ အနယ်နယ် သတင်းများ

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါးတန်းများ ရေဖြင့်စင်ကြယ်စွာ ဆေးကြောခြင်း၊ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဈေး တာဝန်ခံ ဦးကိုကိုအောင်နှင့် ဈေးသူ၊ဈေးသားများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကြပ်မတ်ဆောင်ရွက်စဉ်။

(ကြေးမုံ)

ပညာဒါန သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်း အဝိုင်းလေး ဘောက်ထော်မှတ်တိုင်အနီးရှိ ပညာဒါနကျောင်းတွင် အပတ်စဉ် (၃၆) ပညာဒါနသင်တန်းများကို ဒီဇင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်ကြောင်း သိရသည်။

အပတ်စဉ် (၃) ပညာဒါနသင်တန်းကိုလည်း ၂၀၁၀ ခုနှစ် မတ်လ ၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူများ မည်သူမဆို ဖုန်း-၄၀၀၁၆၃သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၁-၁၂-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)တွင် ဖော်ပြခဲ့သည့် နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ကြေညာချက်အပေါ် မြေရှင်မှ ပြန်လည်ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈၄၇)တွင် နေထိုင်သော မြေအမည်ပေါက်ဖြစ်သူ ကျွန်တော် အမ်အေရာရှစ်(ခ)ဦးတင်အောင် [၁၂/လမတ(နိုင်)၀၃၁၄၄၅] က နိုင်ဂရု(ပ်) ဆောက်လုပ်ရေး၏ ကြော်ငြာချက်ကို အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။

၁။ လူကြီးမင်းတို့၏ ကြော်ငြာအပိုဒ်(၆)နှင့် စပ်လျဉ်း၍-

ကျွန်တော်၏ ၂၁-၁၀-၂၀၀၉ ရက် ကြေးမုံသတင်းစာပါ ကြော်ငြာသည် ဒေါ်မဉ္ဇူအောင်၏ ၈-၁၁-၂၀၀၉ ရက်စွဲပါ ကြေညာချက်အတွက် ပြန်လည်ရှင်းလင်းခြင်းဖြစ်ပါသည်။

၂-၁၀-၂၀၀၉ ရက်တွင် နိုင်ဂရု(ပ်)ဆောက်လုပ်ရေးမှ ဒု-ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် အထွေထွေမန်နေဂျာ ဦးစောမြင့်အောင်တို့သည် ကျွန်တော်၏နေအိမ်၌ ကျွန်တော် အမ်အေရာရှစ်၊ သမီးငါးဦးနှင့် သက်သေများရှေ့တွင် မူလစာချုပ်ပါ မြေရှင် ၅၀%၊ ကန်ထရိုက် ၅၀%နှင့် မဆောက်လုပ်နိုင်တော့ကြောင်း၊ မြေရှင် ၄၀%နှင့် ကန်ထရိုက်တာ ၆၀%ရမှသာ ဆောက်လုပ်နိုင်မည်။ မဆောက်လုပ်ပါက အလိုက်ပေးငွေ ၅၆၅ သိန်း ပြန်ပေးပါက အခြားမည်သည့် ကန်ထရိုက်တာနှင့်မဆို ဆောက်လုပ်ရန် လွှဲပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဦးဇော်နိုင်ဦးကိုယ်တိုင်အမှန်တကယ် ပြောကြားခဲ့ခြင်းကို အမှန်တကယ် ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီ၏ ဂုဏ်သိက္ခာထိခိုက်စေရန် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန်၊ မဟုတ်မမှန်လုပ်ကြံစွပ်စွဲ ရေးသားခဲ့ခြင်း မဟုတ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။

နိုင်ဂရု(ပ်)၏အပိုဒ်(၆)ကြော်ငြာချက်အရ ကျွန်တော်တို့ ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာပါသည်။ ၂၁-၁၁-၂၀၀၉ရက်ထုတ် ကြေးမုံသတင်းစာ၌ ဒေါ်မဉ္ဇူအောင်အား ကြေညာခြင်းမှာ ကျွန်တော်တစ်ဦးတည်းကသာ ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ သမီးလေးဦးပါဝင်ခဲ့ခြင်းမရှိပါ။

၂။ လူကြီးမင်းတို့၏ ကြော်ငြာအပိုဒ် (၃) (၄) (၅)နှင့်စပ်လျဉ်း၍-

နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီသည် မြေပိုင်ဆိုင်မှုရှင်းလင်း၍သာ ၁-၁၂-၂၀၀၉ သတင်းစာ အပိုဒ်(၃)ပါ လုပ်ငန်းစဉ်(က)မှ (ဃ)အထိ ဆောင်ရွက်ခဲ့သော်လည်း အချိန်(၁)နှစ်(၅)လ ကြန့်ကြာခဲ့သည့်တိုင် အဆောက်အအုံစတင်ဆောက်လုပ်ခြင်းမရှိသည့်အတွက် မိမိ မြေရှင်ဘက်မှလည်း လွန်စွာထိခိုက်နစ်နာပါသည်။ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် မြေရှင်သည် ၁၂-၆-၂၀၀၈ သဘောတူစာချုပ်၏ စာမျက်နှာ ၈၊ အပိုဒ် (၁၃)(က)ပါအတိုင်း တစ်နှစ်ပြည့်သည့်တိုင်အောင် လုပ်ငန်းအကောင်အထည်မပေါ်လျှင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းကြရန်နှင့် ညှိနှိုင်း၍ အဆင်မပြေပါက စာချုပ်ဖျက်သိမ်းရန်ပါရှိပါသည်။

၃။ နိုင်ဂရု(ပ်)မှ ၁-၁၂-၂၀၀၉ ရက်တွင် အတိအလင်းကြေညာထားသည်မှာ ကားဂိုဒေါင်အကျယ်အဝန်း ၁၂ပေ × ၁၅ပေမှာ ၎င်းတို့နှင့်ဆောက်လုပ်ရန် သဘောတူထားသော မြေကွက်အတွင်း၌ လုံးဝတည်ရှိနေသည့် အဓိပ္ပာယ်ဖြင့် ဖော်ပြထားပါသည်။ ဖော်ပြပါ(၁၂ပေ× ၁၅ ပေ) ကားဂိုဒေါင်သည် နိုင်ဂရု(ပ်) ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရန် သဘောတူထားသော မြေကွက်အတွင်း၌ ပါဝင်နေကြောင်း စွပ်စွဲချက်သည် မှန်ကန်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ၎င်းကားဂိုဒေါင်တည်ရှိရာ မြေကွက်မှာလည်း ဦးအမ်အေရာရှစ်(ခ)ဦးတင်အောင်၏ စီမံခန့်ခွဲမှုအောက်တွင် ရှိခြင်းကြောင့် သားဖြစ်သူမှ မည်သည့်ငွေကြေးကိုမျှ တောင်းဆိုပိုင်ခွင့်မရှိခြင်းကြောင့်လည်းကောင်း၊ နိုင်ဂရု(ပ်) ဆောက်လုပ်ရေးအနေဖြင့်လည်း ကျွန်တော်အား ဖော်ပြပါ ကားဂိုဒေါင်(၁၂ပေ × ၁၅ ပေ) ကိစ္စကို အကြောင်းကြားခြင်း၊ ဆောက်လုပ်ရန် သဘောတူထားသော မြေကွက်အတွင်း၌ ကားဂိုဒေါင်ပါ/ မပါ မြေတိုင်းခြင်း စသည်တို့အား မည်သည့်အခါကမျှ ပြုလုပ်ခြင်းမရှိခြင်းကြောင့်လည်းကောင်း၊ ဆောက်လုပ်ရန် သဘောတူထားသော မြေကွက်အတွင်း၌ တည်ရှိနေခြင်းကြောင့် ဖျက်သိမ်းရန် အခက်အခဲရှိနေ၍ အဆောက်အအုံဆောက်လုပ်ရန် ကြန့်ကြာနေခြင်းဖြစ်သည် ဆိုခြင်းအား မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းပါသည်။

၄။ အမှန်တကယ် အမ်အေရာရှစ်နှင့် သားဖြစ်သူတို့ အပြန်အလှန် တရားမမှုများစွဲဆိုနေသည်မှာ နိုင်ဂရု(ပ်)နှင့်ဆောက်လုပ်ရန် သဘောတူထားသောမြေကွက်၏ ဘေးချင်းကပ်မြေကွက်သာဖြစ်ပါသည်။ နိုင်ဂရု(ပ်)ဆောက်လုပ်ရေး၏ ၁-၁၂-၂၀၀၉ ရက်စွဲပါ ကြော်ငြာ၌ ဖော်ပြထားသည်မှာ "အဆိုပါ မြေကွက်ပိုင်ဆိုင်မှုအပေါ် ဦးအမ်အေရာရှစ်နှင့် သားသမီးများသည် ရန်ကုန်တိုင်း တရားရုံးတော်၌ အပြန်အလှန် တရားမမှုများစွဲဆိုနေခြင်း"ဟု ဖော်ပြထားရာ "အဆိုပါ မြေကွက်" ဆိုသည်မှာ နိုင်ဂရု(ပ်)နှင့် ဆောက်လုပ်ရန် သဘောတူထားသောမြေကွက်ပေါ်တွင် တရားရုံး၌ တရားဖြစ်နေသလိုလို အများပြည်သူထင်ယောင်ထင်မှားဖြစ်အောင် ဖော်ပြထားခြင်းဖြစ်သည့်အတွက် မြေပိုင်ရှင်ဘက်မှ ဂုဏ်သိက္ခာအား များစွာထိခိုက်နစ်နာစေပါသည်။

ဦးတင်အောင်နှင့် သမီးများကြား မည်သည့်တရားစွဲဆိုခြင်းမှ လုံးဝမရှိပါ။ လူကြီးမင်းတို့၏ ကြော်ငြာချက်၌ သမီးများက ဖခင်အား တရားစွဲဆိုနေသယောင်ဖြစ်နေသဖြင့် လူမှုရေးဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေပါသည်။

၅။ ၁၂-၆-၂၀၀၈ ရက်စွဲပါစာချုပ်၏ အပိုဒ်(၉)နှင့် အပိုဒ်(၁၃)(က)တို့၌ တိုက်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းကို မြေရှင်နှင့် ကန်ထရိုက်တာတို့က လုပ်ငန်းအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် ကန့်ကွက်ဟန့်တား၊ နှောင့်ယှက်မှုများကို စည်းလုံးစွာဖြင့် ဝိုင်းဝန်းဖြေရှင်းကြရန် အခက်အခဲကြုံတွေ့လာပါက ညှိနှိုင်းတင်ပြဆောင်ရွက်ကြရန် စာချုပ်ချုပ်သည့် ရက်မှ တစ်နှစ်ပြည့်သည့်တိုင် အကောင်အထည်မပေါ် တိုက်သစ်မဆောက်လုပ်နိုင်ပါက နှစ်ဦးနှစ်ဖက်ပြန်လည်ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူစည်းကမ်းချက်များ ရှိနေပါလျက် လူကြီးမင်းများ၏ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီက "မြေရှင်များ၏ နှောင့်ယှက်မှု၊ ပျက်ကွက်မှုကြောင့် တိုက်သစ်ဆောက်လုပ်ရန် ကြန့်ကြာရခြင်းဖြစ်ကြောင်း" ကြော်ငြာချက်မှာ မှားယွင်းနေကြောင်း ရှင်းလင်းရပါသည်။ တိုက်သစ်ဆောက်လုပ်ရန် ကြန့်ကြာရခြင်းမှာ ကျွန်တော်၏ ပျက်ကွက်မှုကြောင့် မဟုတ်ပါကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

၆။ လူကြီးမင်းတို့၏ ကြော်ငြာအပိုဒ်(၇)နှင့် စပ်လျဉ်း၍-

၁၂-၆-၂၀၀၈ ရက်စွဲပါ စာချုပ်ကို ဆက်လက်အတည်ပြု စွဲမြဲစွာလိုက်နာဆောင်ရွက်သွားမည်ဟူသည့်အချက်အရ ဤကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၇။ လူကြီးမင်းတို့၏ ကြော်ငြာအပိုဒ်(၈)နှင့်စပ်လျဉ်း၍-

လူကြီးမင်းတို့၏ ဆောက်လုပ်ရေးကုမ္ပဏီက မှားယွင်းတောင်းဆိုမှုကို လိုက်နာရန် အကြောင်းမရှိသဖြင့် လူကြီးမင်းတို့၏ တောင်းဆိုမှုကို လက်မခံနိုင်ကြောင်း ပြန်ကြားသိစေအပ်ပါသည်။

အမ်အေရာရှစ်(ခ)ဦးတင်အောင်
[၁၂/လမတ(နိုင်)၀၃၁၄၄၅]
အမှတ်(၈၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈)ရပ်ကွက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

THREE FRIENDS CONSTRUCTION CO., LTD.

အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ

◈အခန်းဖွဲ့ခြင်း(ဂျပ်ဆင်ဘုတ်၊အုတ်၊Thaiply) ◈မျက်နှာကြက်အလှဆင်ခြင်း၊ ◈ပါကေးခင်းခြင်း၊ ◈ကြွေပြားကပ်ခြင်း၊ ◈ဆေးသုတ်ခြင်း၊ဝေါလစ်တင်ခြင်း၊
◈Modern Furniture များပြုလုပ်အလှဆင်ပေးခြင်း(MDF,PLy,Chip,Teak) ◈လျှပ်စစ်လုပ်ငန်းများ၊ ◈ရေသွယ်တန်းခြင်း၊ ◈မှန်၊Composite ၊အလူမီနီယံများဖြင့် အလှဆင်ခြင်း၊ ◈စတီးလ်လုပ်ငန်းများ(စတီးလ်ဖြင့်လက်ရန်း၊ပရိဘောဂများပြုလုပ်ခြင်း) ◈သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရိုတ်) ◈Rollershutter(လိပ်တံခါး)
◈ကျွန်းတံခါး၊ကျည်းပေါင်ပြုလုပ်ခြင်း၊ ◈အမိုးမိုးခြင်း၊ ◈အိမ်ပြုပြင်ခြင်း(Home Renovation)၊ ◈ခြံစည်းရိုးကာရံခြင်း၊ ◈ Architectural Design ရေးဆွဲပေးခြင်း၊
◈ လာမီနိတ် Floor တစ်ကျင်း(အပြီးအစီး) 8 mm - (130,000/-) , 12mm - (185,000/- မှ 220,000/-)

Double Chance !! +Discount ++ Present +++ Present . . .

(31st Dec'09 အတွင်း) **DECORATION** လုပ်ငန်းအပ်နှံသူများအား ပုံမှန် Discount များအပြင်

ANGELET *အဝတ်ခြောက်စက်များ* * Catch All* *ခြင်ဖမ်းစက်များ* **အခြားအိမ်သုံးပစ္စည်းအသစ်အဆန်းများ* * 2010 *ပြက္ခဒိန်* **များအားလက်ဆောင်ပေးနေပါပြီ...!*

44A(1)ကျိုက်တော်အိမ်ရာ၊(ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနအနောက်)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။ ☎ 01- 201478,294864,298341,396683, 397301, 397302

ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်၊ ဝါးတန်းလမ်းနေ သုဓမ္မသိင်္ဂီ ဒေါ်ခင်ရှိန်၏ ခင်ပွန်း၊ တူ၊ တူမများအပေါ် တုနှိုင်း၍မရသော မေတ္တာဖြင့် အသိပညာများကို ညွှန်ကြားပြသပေးသော ဦးလေး ဦးဝင်းလွင် (၇၅) နှစ်သည် ၂၆-၁၁-၂၀၀၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုရဲအုပ် ဝါဝါမြင့်၊ ဒေါ်ခိုင်ရွှေဝါ နှင့် တူ၊ တူမများ မလှိုင်မြို့

ကျေးဇူးတင်ရှိခြင်း

တပ်ကြပ်ကြီးဒေါ်ညွန့်ညွန့်ဝေ ကွယ်လွန်ပြီးချိန်မှ ရက်လည်ဆွမ်းကပ်ပြီးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသောအကျဉ်းဦးစီးဌာန (ချင်း-စစ်ကိုင်း) ထောင်အုပ်စု ညွှန်ကြားရေးမှူးနှင့်တကွ အရာရှိများ၊ ဝန်ထမ်းမိသားစုဝင်များအားလည်းကောင်း၊ ကျောင်းအုပ်ကြီးနှင့်တကွ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုဝင်များအားလည်းကောင်း၊ မုံရွာအကျဉ်းထောင်မှ တာဝန်ခံအရာရှိနှင့် အရာရှိများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ကြသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

OASIS

ချောင်းသာ (သင်းလန်း)

အဆင့်မြင့်အပန်းဖြေခရီးစဉ် **စားတော့ညီမြိုင်မြိုင်**

09-5075612, 09-5012336, 01-650201

အသားအရေပျက်စီးခြင်း၊ ပမျောက်ရန် / ကာကွယ်ရန် အကောင်းဆုံး ကရင် (၆)

အသားအရေတင်း MONDE CREAM

ဝဝ၅၊ မဟာဗန္ဓုလလမ်း၊ ၁၁ လမ်းထိပ်၊ ရန်ကုန်။ 09 - 516 9729 , 224361

YL ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား) ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင်

ယုဇနပလာဇာ၊ လသာ(ကရုတ်တန်း)

ရွှေဝယ်ရင် ရိုလုံမှာ စိတ်ချရတယ် ၁၅ ပဲရည်၊ ၁၆ ပဲရည် အာမခံ

ရိုလုံ(၁) - အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎-၂၀၀၇၄၇ (Ext.)၂၀၀၁၊ ၀၉-၈၀-၂၅၀၈၇

ရိုလုံ(၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား၊ အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့။ ☎-၂၉၆၆၇၄၊ ၀၉-၅၁၂-၃၉၂၄၊ ၂၀၀၇၄၇ (Ext.) ၂၀၀၀၊ ၀၉-၅၁၀၈၇၉၉

ရိုလုံ(၃) - ဒေါက်တာတင်အောင်ဝေ+ဒေါက်တာချောစုငယ်၊ အမှတ် (675-A)၊ မဟာဗန္ဓုလလမ်း၊ ၁၉လမ်း၊ လမ်း၂၀ကြား၊ လသာမြို့နယ်၊ ရန်ကုန်။ ☎- ၀၉-၅၁-၃၇၅၄၃၊ ၀၁-၂၉၇၇၇၃

➤ဝယ်ပြီးပစ္စည်းပြန်ရောင်းလိုလျှင် ရိုလုံရွှေဆိုင် (၁၊ ၂၊ ၃) နှင့် ချွန်းလုံရွှေဆိုင် လေးဆိုင်စလုံး လမ်းကြုံရာဆိုင်တွင် ဘောက်ချာနှင့်တကွ ပြန်ရောင်းနိုင်ပါသည်။➤

ယုဇနပလာဇာ **ချွန်းလုံရွှေဆိုင် (လက်လီလက်ကား)** ကိုဘုန်းကျော်ဝေ + မငုဇင်သိန်း

စေတနာဆို အစွမ်းကုန် --- ရတနာဆို ချွန်းလုံ ၁၅ ပဲရည်၊ ၁၆ ပဲရည် အာမခံ

H -10 ယုဇနပလာဇာ (ပထမထပ်)။ Ph : 09-80-23374, 01-200747 Ext : 2880

ဦးဝင်းကို

B.Com(Q), C.P.A, ACCA(III)
Accounting Gold Medalist

LCCI, MYOB, IFR & ACCA

စာရင်းကိုင်သင်တန်းများ

Dec 12 (စနေနေ့) စမည်။

အမှတ်(၂၃-၃A)၊ ဒုတိယထပ်၊ လှည်းတန်းလမ်းမ၊ လှည်းတန်း။

Tel : 09 511 8648, 09 507 2613

လူသားလမ်းညွှန် **Human Guide** ထုတ်ပြီ

သန်း(၆၀၀၀)ကျော် ရှာသီဖွား ကုဋေ ၆၀၀ **6 Billion Group**

မိတ်ကောင်း

လချုပ်၊ နှစ်ချုပ်၊ နယ်ခရီးစဉ် ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များအပ်နှံနိုင်ပါသည်။

707796, 09 5005011

Yan Aung

ကားမျိုးစုံငှားနိုင်ပါသည်။

ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။

(၂၄ နာရီဝန်ဆောင်မှု)

385499, 095107178, 095134248

KO NYAN ကိုညာဏ်

Car Rental, Sale & Services

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

551649, 09-5078440

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်သက်ဦး၏ N0. PP 406935 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

C/O Ph:727656

တိုက်အိမ်ရောင်းရန်

အုတ်ညှပ်နှစ်ထပ်တိုက်အိမ်၊ပတ္တမြားလမ်း၊လှည်းတန်း၊ ကမာရွတ်မြို့နယ် နှစ် ၆၀ ဂရန်အသစ်ရွှေမာလာရိပ်မွန်နှင့်မျက်နှာချင်းဆိုင်ဗဟိုရလမ်းနှင့်မီးရထားလမ်းကြားတွင်တည်ရှိသည်။ ရောင်းဈေးသိန်း-၅၀၀

ဆက်သွယ်ရန်လိပ်စာ- ဦးထွန်းလှ တိုက်-၁၂၊ အခန်း(၁၉)၊ ပြည်ရိပ်မွန်အိမ်ရာ၊ အမှတ်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၅၁၀၂၁၁ လိုင်းခွဲ ၂၄၆

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ချမ်းမြေ့အောင်၏ နိုင်ငံကူးအမှတ်-၉၃၀၆၆၀မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၅၀၄ ၁၃၄၉**

လုံးချင်းတိုက်ရောင်းမည်

၆၀' × ၈၀'၊ 2RC တိုက်သစ် 2MB, 2 SBR ကားဂိုဒေါင်ပါ ရေ၊ မီး၊ ဖုန်း၊ ဂရန်။

မြခွာညိုအိမ်ရာ(ယုဇန) သာကေတ ဖုန်း-၄၅၀၀၇၅ ၀၉ ၅၀၁၂၁၀၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ၊ မြေကွက်အမှတ်-၂၅၀၊ မြေကွက်တည်နေရာ အမှတ် (၄၂)၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ် (ဒေါ်ခင်ရီနှင့် ဒေါ်ခင်သန်း)အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရီ(အပျိုကြီးဘဝဖြင့်)ဒေါ်ခင်သန်း(မိခင်)နှင့်ဦးလှတင်(ဖခင်)တို့ကွယ်လွန်သဖြင့် ဒေါ်ခင်ဆွေရီ[၁၂/တမန(နိုင်)၀၁၂၈၂၇]က ဒေါ်ခင်ဆွေရီ၏ မွေးစားသမီးတော်စပ်ကြောင်းနှင့် ဒေါ်ခင်ဆွေသန်း [၁၂/ တမန(နိုင်)၀၁၂၇၄၉]က ဒေါ်ခင်သန်းနှင့်ဦးလှတင်တို့၏ တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ထွေးရာဇာ [၁၂/စခန(နိုင်) ၀၅၂၄၁၈] သည် မိဘ၊ မောင်နှမသားချင်းများကို စိတ်အနှောင့်အယှက်အမျိုးမျိုးပေးနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိခင်- ဒေါ်ခင်သန်းမြင့် [၁၂/စခန(နိုင်)၀၁၄၉၄၅]

ဝမ်းနည်းကြေကွဲခြင်း

ဦးနေလင်း(ခ)ချင်ကြွ ဥက္ကဋ္ဌ၊ နေလင်းနှင့်သားများကုမ္ပဏီလီမိတက် အသက်(၆၁)နှစ်

ဒေါ်မြင့်မြင့်ရီ (ဥက္ကဋ္ဌ၊ ပတ္တမြားပဲဆီစက်ရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဇော်လင်း (MD မြန်မာနေရောင်ခြည်ကုမ္ပဏီလီမိတက်)၏ ဖခင်ကြီးသည် ၁-၁၂-၂၀၀၉ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး တက်လမ်းကုမ္ပဏီလီမိတက်**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်-၁၊ မြေကွက်အမှတ် ၃၇၈ ဦးသန်းအေး အမည်ပေါက် မြေကွက်နှင့်ပတ်သက်၍ မြေချပါမစ်ထုတ်ပေးပါရန် ဦးမောင်မောင် (စီအိုင်-၀၅၇၇၄၂)မှ လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးလျက်ရှိသည့် ကတ္တရာထပ်ပိုးလွှာခင်းလမ်းများအနက် အရှည် ၈၆၆ပေ၊ အကျယ် ၁၂ပေရှိ မင်းကုန်း (၈)လမ်းအား မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆရာရန်နိုင် DRAGON KING

ကွန်ဖူး - ဗန်ဒို - ထိုက်ချီ

ကိုယ်ခံပညာ အထူးသင်တန်း နံနက် (၈း၀၀) နာရီမှ ည (၈း၀၀) နာရီထိ ဖိတ်ခေါ်မည်

ပုံမှန်သင်တန်း၊ ဆရာဖြစ်သင်တန်း။ ဖိုက်တင်ရက်တိုအထူးအမြန်သင်တန်း။

အမှတ်-၃၆၇ (၆-လွှာ)၊ မဟာဗန္ဓုလလမ်း၊ (၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ☎-၀၉၈၆၁၇၂၄၅၊ ၀၉၅၀၁၆၆၂၊ ၀၉၅၀၀၆၄၄၃

512242 Ph ဖေတ်ဖီစက်ဖြင့် အာမခံထုတ် အလှဆင်ခင်းသည်။

တိုက်(၁၁၁)၊အင်းစိန်လမ်းမကြီး၊ ဆင်ရေတွင်း၊ကမာရွတ်မြို့နယ်။ 095188062,095019671

Computer Service

Computer များကို အိမ်အရောက်လိုက်လံပြုပြင်တပ်ဆင်ပေးနေပါသည်။

ဖုန်း-၅၆၄၇၄၅

ယတြာကိုယုံကြည်လျှင်လာခဲ့ပါ

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အခက်အခဲများကို ဖြေရှင်းရာတွင် နဝင်းစီးပညာက ထိထိရောက်ရောက် ကူညီနိုင်ပါတယ်။ **ဦးရင်မောင် ဖုန်း-၀၉ ၅၁၂၈၁၆၂**

မြေရောင်းမည်

(၇၀' × ၇၀') မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်၊ သမာဓိလမ်းသွယ်(၃)။ **ဆက်သွယ်ရန် ဖုန်း-၃၇၇၅၅၂၊ ၀၉ ၅၀၀ ၈၉၂၉**

အထက(၄)အလုံ

ကျောင်းသားကျောင်းသူဟောင်းများ

အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၆

အထက(၄)အလုံ၏ အာစရိယပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက်(စနေနေ့) နံနက် ၇ နာရီတွင် အထက(၄)အလုံ ကျောင်းဝင်းအတွင်း မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော တပည့်အားလုံး ပူဇော်ကန်တော့နိုင်ရန် ကျောင်းသားဟောင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး(ယာယီ)ကော်မတီမှ ဆရာမ ဒေါ်ဒိုင်းရင်သာသိန်း ဖုန်း-၆၆၃၀၄၈၊ ၀၉၄၆၀၄၀၊ ဆရာဦးကိုကိုကြီး ဖုန်း-၀၁-၂၁၂၈၆၅၊ ၀၉-၅၀၉၉၅၂၄၊ ဒေါ်အေးအေးလွင် ဖုန်း-၀၉-၅၀၇၂၁၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောက်ပမှု၏

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
☆ နားမယောင်လေနဲ့ သတိထား။

မိုင်းရယ်မြို့သို့ လေ့လာရေးခရီးတစ်ခေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း တင်ထွေး(သတင်းစဉ်) | အဆင်အပြင် နိုင်လင်းကြည်

ဒီဇင်ဘာလအတွင်း ချင်းနင်းဝင်ရောက်သည်နှင့် နေပြည်တော်၌ အအေးပိုလာခဲ့ချေပြီ။ နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်မှ အရှေ့အရပ်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ရှမ်းရိုးမတောင်တန်းကြီးကို နံနက်ခင်း နေခြည်အောက်တွင် မှိုင်းမှိုင်းပျပျတွေ့ရလေသည်။

ဩော်- -နေပြည်တော်၌ အအေးပိုနေပြီဆိုလေတော့ ကုန်းမြင့်ဒေသတစ်ခုဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)က မိုင်းရယ်မြို့ကလေးသည်လည်း ခုချိန်ဆိုလျှင် နှင်းခြုံလွှာအောက်တွင် ရောင်စုံပန်းများဖြင့် သာယာလှပနေပေလိမ့်မည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မိုင်းရယ်မြို့ကလေးသို့ လေ့လာရေးခရီးတစ်ခေါက် ရောက်ဖြစ်ခဲ့ရာ မြူနှင်းတို့မဝေသေးဘဲ မိုးရေစက်တို့ကသာ ဆီးကြိုခဲ့လေသည်။ လားရှိုးမြို့မှ တန့်ယန်းမြို့သို့ တစ်ညအိပ်ခရီးသွားရောက်ခဲ့ပြီး တန့်ယန်းမြို့မှအပြန်တွင် မိုင်းရယ်မြို့ကို ခရီးတစ်ထောက်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

မိုင်းရယ်မြို့သို့ရောက်သောအခါ မွန်းလွဲနေချေပြီ။ မိုင်းရယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံနှုတ်ဆက်ပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းစေ့ငုခွင့်ရရှိခဲ့သည်။

မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်က "မိုင်းရယ်မြို့နယ်ရဲ့ အဓိကလုပ်ငန်းကတော့ လယ်ယာလုပ်ငန်းပါပဲ။ ဒီဒေသမှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲအထွက်နှုန်းကောင်းလို့ မန္တလေးမြို့ကို တိုက်ရိုက်တင်ပို့ ရောင်းချကြပါတယ်။ တစ်ဧကကို မြေပဲ ၆၁ တင်းလောက်ထွက်တယ်။ သယ်ယူပို့ဆောင်ရေးအနေနဲ့ကတော့ မော်တော်ယာဉ်လိုင်းသုံးလိုင်းရှိတယ်။ လားရှိုးနဲ့ မိုင်းရယ်ကို မှန်လုံအမြန်ယာဉ်တွေ နေ့စဉ်ပြေးဆွဲပေးပြီး ယာဉ်စီးခအနေနဲ့ ယာဉ်ကြီးငွေကျပ် ၁၀၀၀၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖

မိုင်းရယ်မြို့တွင်းရှိ ရေကန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပမှုကို တွေ့ရစဉ်။

ထူးခြားသည့် ညအပူချိန်များ

(၇-၁၂-၂၀၀၉)

လွိုင်လင်	၁	ဒီဂရီစင်တီဂရိတ်
ဟားခါး	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၆	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးနှင့်မင်းတပ်	၇	ဒီဂရီစင်တီဂရိတ်စီ

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။